# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**

**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နေ့လယ် ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၃း၃၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ သုမင်္ဂလာအပေါင်း နှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၉၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၂) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၁ ရက်၊

(၃) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၄) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၅) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၄ ရက်၊

(၆) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၇) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၈) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၉) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၁၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၁၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ခွင့် ၁ ရက်နှင့်

(၁၄) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ကိုဆောင်ရွက်ပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာ တင်ပြဖို့ နိုင်ငံတကာဆက်ဆံရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းကျောက်(အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်၊ မိုင်းဖြတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီး ကော်မတီရဲ့ကိုယ်စား တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာအပြည့်အစုံကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အစီရင်ခံစာကောက်နုတ်ချက်ကိုသာ ကျွန်တော် တင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးကော်မတီက ဆောင်ရွက်ရတဲ့ လုပ်ငန်းတာဝန်များဟာ အခြားကော်မတီနည်းတူ များပြား လှတဲ့အတွက် အကျဉ်းချုံးတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စား လှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပစဉ် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းထားခဲ့ပါတယ်။ ဒီနောက်မှာ ကော်မတီဝင်နှစ်ဦး ပြောင်းရွှေ့အစားထိုးခန့်အပ်ခြင်း၊ လေ့လာသူ များအဖြစ် တာဝန်ပေးအပ်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ တွဲဖက်ခြင်းဖြင့် ကော်မတီရဲ့တာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခုတင်ပြတဲ့အစီရင်ခံစာမှာ အဓိကအားဖြင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီ စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ယနေ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပသည့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ အထိ အကျုံးဝင်ပါကြောင်း တင်ပြအပ်ပါတယ်။ ဤအစီရင်ခံစာထဲမှာ ကော်မတီမဖွဲ့စည်းရသေးသော် လည်း ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအနေဖြင့် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ယူစဉ်ဆောင်ရွက်ခဲ့သော နိုင်ငံတကာဆက်ဆံရေးတာဝန်တစ်ခုဖြစ်သည့် ASEAN Parliament များဆိုင်ရာ ညီလာခံ ASEAN Interparliamentary Assembly (AIPA) သို့

အဖွဲ့ဝင်အဖြစ် ထည့်သွင်းဆောင်ရွက်ရေးကိစ္စ ထည့်သွင်းဖော်ပြထားပါကြောင်း အစီရင်ခံအပ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာတွင် ကော်မတီအဖြစ်သတ်မှတ်ထားတဲ့ လုပ်ငန်းတာဝန်များ ထမ်းဆောင်မှု ဆွေးနွေးညှိနှိုင်းမှုများကို ဦးစွာဖော်ပြထားပြီး နိုင်ငံတကာဆက်ဆံရေးကော်မတီများရဲ့မေးခွန်း၊ အဆိုတင်သွင်း၊ မေးမြန်းမှုများကိုလည်း ကော်မတီဝင်များ လှုပ်ရှားစွမ်းဆောင်မှုအဖြစ် ဖော်ပြထားပါတယ်။ ကော်မတီရဲ့အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားချက်မှာ နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှုများအပြင် မြန်မာ့လွှတ်တော်များနှင့် နိုင်ငံတကာလွှတ်တော်များ ဆက်ဆံမှုကို အဓိကလမ်းညွှန်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းရဲ့ ကြီးကြပ်မှုဖြင့် စီစဉ်ပြီးသွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်များ၊ နိုင်ငံတကာအစည်းအဝေးများကိုလည်း နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ ပါဝင်ဆောင်ရွက်မှုများအဖြစ် မှတ်တမ်းပြုဖော်ပြထားပါတယ်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအနေဖြင့် ပြည်ပတွင် ချစ်ကြည်ရေးခရီးစဉ် အကြိမ်ပေါင်း ၂၀ ကျော်မှာ ပြည်ပလွှတ်တော်ပေါင်း ၂၈ ခု သွားရောက်လေ့လာခဲ့ပါတယ်။ ခရီးစဉ်တစ်ခုချင်းအလိုက် စတင်ဆက်သွယ်ညှိနှိုင်းမှု၊ အစီအစဉ်ရေးဆွဲမှု၊ အစီအစဉ်တစ်ခုချင်းအလိုက် တွေ့ဆုံဆွေးနွေးမှု၊ လေ့လာမှု၊ တွေ့ဆုံဆွေးနွေးစဉ်ပြောကြားရန်အချက်များ စသည်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံး သက်ဆိုင်ရာစီမံဌာနများနဲ့ ပူးပေါင်းဆောင်ရွက်ထားခဲ့ပါတယ်။ ခရီးစဉ်တစ်ခုချင်းအလိုက် မှတ်တမ်းစာအုပ်များ၊ ထိန်းသိမ်းထားရှိပါတယ်။ နိုင်ငံတကာလွှတ်တော်ဆိုင်ရာ အစည်းအဝေးများဖြစ်တဲ့ နိုင်ငံတကာပါလီမန်အဖွဲ့ Inter Parliamentary Union (IPU) ၊ ASEAN Parliament များဆိုင်ရာညီလာခံ ASEAN Interparliamentary Assembly (AIPA) နှင့် အာရှ၊ ဥရောပ Parliament များဆိုင်ရာ မိတ်ဖက်အစည်းအဝေးများသို့ နာယကကြီး ဥက္ကဋ္ဌကြီး တက်ရောက်မှုကို မှတ်တမ်းပြုဖော်ပြထားပါတယ်။ အဆိုပါအစည်းအဝေးများကိုတက်ရောက်စဉ် အစုအဖွဲ့လိုက် ဆွေးနွေးတင်ပြရသည့် စာတမ်းများကို အစည်းအဝေးမတက်ရောက်မီကပင် IPU ကော်မတီ၊ AIPA ကော်မတီများက သွားရောက်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအချင်းချင်း ညှိနှိုင်းပြုစုကြရပါတယ်။ ၎င်းလုပ်ငန်းကို အစီရင်ခံစာတွင် သီးသန့်ထည့်သွင်းဖော်ပြခြင်းမပြုနိုင်သည်ကို နားလည်ခွင့်လွှတ်ပေးစေလိုပါတယ်။

မူကြမ်း

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာလွှတ်တော်များသို့ သွားရောက်လေ့လာစဉ် ဆက်လက်လေ့လာသင့် အတုယူဆောင်ရွက်သင့်သည့် ကောင်းမွန်သော အကြောင်းတရားများကို မြန်မာ့လွှတ်တော်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာဆိုင်ရာ သဘောသဘာဝ နားမလည်မှုကြောင့် ဆက်လက်အကောင်အထည်မဖော်နိုင်သည့်ကိစ္စရပ်များလည်း ပါရှိပါတယ်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များကို ချီးကျူးထောက်ခံကြသည့် မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးများ လာရောက်ကြရာ မြန်မာ့လွှတ်တော်များ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလာရောက်မှုကိုလည်း ဥက္ကဋ္ဌရုံး၊ လွှတ်တော်ရုံးများနှင့် ကော်မတီများရဲ့ ပူးပေါင်းဆောင်ရွက်မှုများအဖြစ် အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။ ဆက်လက်ပြီး နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်အချို့နဲ့ ကော်မရှင်အဖွဲ့ဝင်အချို့များမှာ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ ကုလသမဂ္ဂနဲ့ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်းကို အကြိမ်အရေအတွက်ဖြင့် ဖော်ပြထားပြီး ဆွေးနွေးချက်မှတ်တမ်းများ သီးသန့်ထားရှိပါတယ်။ အချို့သော တွေ့ဆုံမှုများမှာ နာယက၊ ဥက္ကဋ္ဌကြီးအားဦးတည်၍ မေတ္တာရပ်ခံလာသော်လည်း နာယက၊ ဥက္ကဋ္ဌကြီး မအားလပ်သည့်အတွက် တာဝန်ပေးအပ်ချက်အရ ကော်မတီဥက္ကဋ္ဌက တွေ့ဆုံဆွေးနွေးရပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငါးနှစ်တာကာလအတွင်း လွှတ်တော်များ စွမ်းဆောင်ရည်ကို ပြည်တွင်းပြည်ပမှ လေးစားအသိအမှတ်ပြုမှု၊ အောင်မြင်မှုများ နာယက၊ ဥက္ကဋ္ဌကြီး၏ လွှတ်တော်အရည်အသွေးမြှင့်တင်ရေး စိတ်ပါဝင်စားစွာ အနီးကပ်ကြီးကြပ်မှုကြောင့်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာသင်တန်း၊ ဆွေးနွေးပွဲများ ကျင်းပမှု၊ စာကြည့်တိုက်အဆင့်မြှင့်တင်မှု၊ သင်ကြားရေးဌာန၊ သုတေသနဌာနများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာလုပ်ငန်းများဖြင့် အစီရင်ခံစာတွင်လည်း ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ သုံးသပ်ချက်မှာ ဖော်ပြထားရာမှာ နိုင်ငံတကာလွှတ်တော်များ၌ နိုင်ငံခြားဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးနဲ့ တာဝန်ယူဆောင်ရွက်နေရသော ကော်မတီမှ မရှိမဖြစ် စဉ်ဆက်မပြတ်ဆောင်ရွက်နေရတဲ့ ကော်မတီဖြစ်ပါသဖြင့် အမြဲတမ်းကော်မတီတစ်ရပ်ကဲ့သို့ ဖွဲ့စည်းထားလေ့ရှိပါသောကြောင့် ၎င်းအတိုင်း သတ်မှတ်ဖွဲ့စည်းသင့်ပါကြောင်းကိုလည်း ဖော်ပြထားပါတယ်။

မူကြမ်း

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုဖြင့် နိုင်ငံတကာဆက်ဆံရေးတာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ဆောင်ရွက်နေပါကြောင်းနဲ့ ဖော်ပြရန်ပျက်ကွက်မှုများ၊ ကျန်ရှိမှုများ၊ ချို့ယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှု အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်ခဲ့ပြီး၊ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပခဲ့ချိန် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ လုပ်ငန်းတာဝန်ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံအပ်ပါသည်။

**ကော်မတီဖွဲ့စည်းမှုနှင့် ဆောင်ရွက်ချက်များ**

၂။ ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ ပထမအကြိမ်ပုံမှန် အစည်းအဝေး စတင်ကျင်းပစဉ်က၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၁၅ ပုဒ်မခွဲ(က) တွင် ဖော်ပြထားသော ကော်မတီ (၄)ရပ်ကိုသာ ဖွဲ့စည်းပေးခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ခြင်းမရှိပါ။ သို့ရာတွင် နိုင်ငံတကာဆက်ဆံရေးကိစ္စများကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များတွင် ထည့်သွင်းဖော်ပြ ဆောင်ရွက်စေခဲ့ပါသည်။

၃။ ထိုကာလအတွင်း၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာလွှတ်တော်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း ဆုံးဖြတ်ခဲ့သည်နှင့်အညီ ဒေသဆိုင်ရာ လွှတ်တော်အဖွဲ့အစည်း

ဖြစ်သော၊ အာဆီယံပါလီမန်များဆိုင်ရာညီလာခံ (ASEAN INTER-PARLIAMENTARY ASSEMBLY = AIPA) သို့ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး အဆိုပြုရန် ကိစ္စပေါ်ပေါက်ခဲ့ပါသည်။

**AIPA သို့ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးဆောင်ရွက်မှု**

၄။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေးကျင်းပနေချိန် ၂၀၁၁ ခုနှစ် မတ်လအတွင်း ထိုစဉ်က AIPA ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်နေသော ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်က ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာညီလာခံ အကြိုအာဆီယံ ရွှေ့ပြောင်းလုပ်သားများအခွင့်အရေး၊ အကာအကွယ်ပေးရန် အာဆီယံ ပါလီမန်များ၏ အခန်းကဏ္ဍ (The Role of Parliaments on the Protection and Promotion of the Rights of Migrant Workers in ASEAN) ဆွေးနွေးပွဲ သို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါရန် ဖိတ်ကြားခဲ့ပါသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၊ ပြည်ထောင်စုလွှတ်တော်က အဆိုပါညီလာခံသို့ အောက်ဖော်ပြပါ မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့စေလွှတ်ခဲ့ပြီး၊ အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံသို့ မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်က အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုရေး အဆိုပြုလွှာ ပေးအပ်ခဲ့ပါသည်။

(က) ဦးမြညိမ်း — အဖွဲ့ခေါင်းဆောင်
ဒုတိယနာယက၊ ပြည်ထောင်စုလွှတ်တော်

(ခ) ဦးလှမြင့်ဦး — အဖွဲ့အတွင်းရေးမှူး
အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ
ပြည်သူ့လွှတ်တော်

(ဂ) ဦးခက်ထိန်နန်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ
အမျိုးသားလွှတ်တော်

(ဃ) ဦးမောင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန

**မူကြမ်း**

၅။ ယင်းသို့အဆိုပြုလွှာ ပေးအပ်ခဲ့မှုကြောင့် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလက ကျင်းပသော (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များ ဆိုင်ရာညီလာခံက၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ပြည်ထောင်စုလွှတ်တော်အား အဖွဲ့ဝင်အဖြစ် အခမ်းအနားဖြင့် လက်ခံခဲ့ပါသည်။

**ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းခြင်း**

၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဩဂုတ်လ တွင်ကျင်းပခဲ့ရာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ ပုဒ်မခွဲ(ဂ) အရ၊ လိုအပ်ချက်နှင့်အညီ ကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၇ တို့နှင့်အညီ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီကို၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့ပါ သည်။

၇။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဥက္ကဋ္ဌအဖြစ်၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး၊ အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း တို့ပါဝင်ပြီး၊ လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီများ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်း ပေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ စတုတ္ထ ပုံမှန်အစည်းအဝေးတွင် ယခင်ဖွဲ့စည်းထားသည့် ကော်မတီဝင်များအနက်မှ ဦးဆောင်ဆီ ကျောက်မဲ မဲဆန္ဒနယ်အစား ဦးမြင့်အောင် မြိုင်မဲဆန္ဒနယ်၊ ဦးမြသိန်း မုဒုံမဲဆန္ဒနယ်အစား ဒေါ်စုစုလွင် သုံးခွ မဲဆန္ဒနယ်တို့ကို ပြောင်းလဲအစားထိုးဖွဲ့စည်းခဲ့ပါသည်။ အသစ်ပြောင်းလဲဖွဲ့စည်းခဲ့သည့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှဖြစ်ကြပါသည်။ ကော်မတီ၏ သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပြီး၊ နှစ်စဉ်တစ်နှစ် တစ်ကြိမ် တိုးမြှင့်ခဲ့ပါသည်။

**လေ့လာသူများအဖြစ်တာဝန်ပေးအပ်ခြင်း**

၈။ ၂၀၁၄ ခုနှစ် ဇွန်လတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွန့်၊ ဗိုလ်မှူးမြတ်ကို၊ ဗိုလ်မှူးသက်မိုးအောင်နှင့် ဗိုလ်မှူးထင်လင်းဦးတို့အား ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄) ဖြင့် လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

**ကော်မရှင်အဖွဲ့ဝင်များတွဲဖက်ပေးခြင်း**

၉။ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ကော်မတီ၏ ဥပဒေကိစ္စရပ်များဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင် ဦးလင်းမြိုင်နှင့် ဦးတိုးနိုင်မန်းတို့အား ပြည်သူ့လွှတ်တော်က တွဲဖက်ပေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးလင်းမြိုင် နှုတ်ထွက်သွားသဖြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ဦးကြည်ထွန်းဝင်း (ယခု နှုတ်ထွက်) တို့ဖြင့် ထပ်မံတွဲဖက်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၁၀။ လက်ရှိနိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များ၊ လေ့လာသူများ၊ တွဲဖက်တာဝန်ပေးအပ်ထားသူများမှာအောက်ပါအတိုင်းဖြစ်ပါသည် -

**ကော်မတီဝင်များ**

| | | | |
|---|---|---|---|
| (က) | ဦးလှမြင့်ဦး | ပျဉ်းမနားမဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ကျော်စိုး | နတ်မောက်မဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်အောင် | မြိုင်မဲဆန္ဒနယ်<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာရိုအုပ် | မတူပီမဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (င) | ဗိုလ်မှူးချုပ် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| | တင့်ဆန်း | | |
| (စ) | ဦးစိုင်းကျော်ဘက် | မိုင်းဖြတ်မဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်ရွှေ | ခင်ဦးမဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်စုစုလွင် | သုံးခွမဲဆန္ဒနယ်<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (ဈ) | ဦးစီခန်ရမ် | ခေါင်လန်ဖူးမဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ည) | ဦးအောင်ဆန်း | စဉ့်ကူးမဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်မြင့် | အရာတော်မဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ဌ) | ဦးဝင်းဆွေ | ညောင်ရွှေမဲဆန္ဒနယ်<br>အင်းအမျိုးသားတိုးတက်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (ဍ) | ဦးစိုးသိမ်း | ကလေးဝမဲဆန္ဒနယ်<br>တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (ဎ) | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ်<br>ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (ဏ) | ဦးကိုကိုထွန်း | အောင်လံမဲဆန္ဒနယ်<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အတွင်းရေးမှူး |

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်လေ့လာသူများ**

(တ) ကြည်း ၂၂၄၈၂ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ညွန့်

**မှူကြမ်း**

(ထ) ကြည်း ၂၉၀၉၅ ဗိုလ်မှူးမြတ်ကို

(ဒ) ကြည်း ၃၃၁၇၀ ဗိုလ်မှူးသက်မိုးအောင်

(ဓ) ကြည်း ၃၄၈၉၄ ဗိုလ်မှူးထင်လင်းဦး

**တွဲဖက်ထားသည့် ကော်မရှင်အဖွဲ့ဝင်များ**

(န) ဦးတိုးနိုင်မန်း အဖွဲ့ဝင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

(ပ) ဒေါ်အေးအေးမူ အဖွဲ့ဝင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

၁၁။ ကော်မတီ၏ရုံးလုပ်ငန်းများဆောင်ရွက်ရန် ဦးစီးအရာရှိ (၁)ဦး၊ အကြီးတန်းစာရေး (၄)ဦးနှင့် အငယ်တန်းစာရေး (၁)ဦးတို့ကို ကော်မတီရုံးအဖွဲ့အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

၁၂။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ သတ်မှတ်တာဝန်ပေးထားသည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်။ အထက်ပါအချက်များကို ထိန်းညှိကူညီဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(င) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၁၃။ ကော်မတီ၏ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါသည် -

(က) စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်ဆောင်ရွက်မှုများ

(ခ) ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန် ဥပဒေကြမ်းများဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ/ ပြည်ထောင်စုလွှတ်တော်နာယက၏ ပြည်ပ ချစ်ကြည်ရေးခရီးစဉ်များနှင့် နိုင်ငံတကာအစည်းအဝေးများ တက်ရောက်ခြင်းများအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) မြန်မာလွှတ်တော်များ၏ ဖိတ်ကြားချက်အရ လာရောက်ကြသော နိုင်ငံခြားလွှတ်တော်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ဆိုင်ရာကိစ္စများအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(င) ကော်မတီသို့ဖိတ်ကြားသည့်ခရီးစဉ်များ၊ လွှတ်တော်ဆိုင်ရာ အခြားခရီးစဉ်များအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်း၊

(ဆ) လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဇ) လွှတ်တော်များဖွဲ့ဖြိုး တိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ပူးပေါင်းအဖွဲ့ဆိုင်ရာလုပ်ငန်းများ

**ကော်မတီ၏ ဥပဒေပြုရေးတာဝန်**

၁၄။ ပြည်သူ့လွှတ်တော်သည် တည်ဆဲဥပဒေများအနက်မှ အသစ်ပြဋ္ဌာန်းရန်၊ ပယ်ဖျက်ရန်၊ အစားထိုးပြုပြင်ရန် ဥပဒေများကို စိစစ်ရန်၊ အခြားလွှတ်တော် ကော်မတီများနည်းတူ တာဝန်ရှိရာ ဘဏ္ဍာရေးနှစ်အလိုက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ကော်မတီအစည်းအဝေး ကျင်းပ၍ စိစစ်ရပါသည်။

၁၅။ ကော်မတီသည် နိုင်ငံခြားရေးဝန်ကြီး၏စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကိုစိစစ်ခဲ့ရရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်သာ နယ်နိမိတ် ကျောက်တိုင်များ အသုံးစရိတ်နှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးမှုပြုလုပ်ခဲ့ရပါသည်။ အဆိုပါအစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်လေ့ရှိပါသည်။ နိုင်ငံတကာဆက်ဆံရေးကော်မတီသည် နိုင်ငံခြားရှိ မြန်မာသံရုံး/ အဖွဲ့ရုံး / ကောင်စစ်ဝန်ချုပ်ရုံးများ၏ လုံခြုံရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး၊ နိုင်ငံတော်က ဝယ်ယူထားပြီးဖြစ်သော မြေကွက်များတွင် စီမံကိန်းချမှတ်၍ နိုင်ငံပိုင်အဆောက်အဦများ ဆောက်လုပ်နိုင်ရေးကို ဦးစားပေးစီမံပေးရန် တိုက်တွန်းပြောကြားလေ့ရှိပြီး အသုံးစရိတ်တစုံတရာ ဖြတ်တောက်ခြင်းမပြုခဲ့ပါ။ ပြည်ထောင်စုလွှတ်တော်နာယကကိုယ်တိုင် သံရုံးများရှိ နိုင်ငံပိုင်အဆောက်အဦများသို့ သွားရောက်ကြည့်ရှုလေ့ရှိကြောင်း၊ သံတမန်ဝန်ထမ်းများ၏ လစာစရိတ်များကို ပြည်တွင်းရှိ ဝန်ထမ်းများကဲ့သို့ အထိုက်အလျောက် တိုးမြှင့်ပေးရန် ညှိနှိုင်းဆောင်ရွက်လျှက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

၁၆။ ကော်မတီသည် အောက်ဖော်ပြပါ တည်ဆဲဥပဒေများကို ပယ်ဖျက်ရန်၊ အစားထိုးပြင်ဆင်ရန် ကော်မတီအစည်းအဝေးများ ခေါ်ယူဖိတ်ကြား၍ ဆောင်ရွက်ခဲ့ပါသည် -

(က) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေ

(ခ) ၁၉၅၅ ခုနှစ်၊ ဂျပန်စစ်ပြေငြိမ်းရေး စာချုပ် အက်ဥပဒေ

(ဂ) သံအရာရှိများနှင့် ကောင်စစ်ဝန်အရာရှိများ (ကျမ်းသစ္စာနှင့် အခကြေးငွေများ) အက်ဥပဒေ

၁၇။ ကော်မတီကဆောင်ရွက်ရန်တာဝန်ရှိသည့် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရန်ကိစ္စအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး၊ လွန်ခဲ့သည့် ၂ နှစ်ကပင် ကော်မတီအစည်းအဝေးများကို စတင်ခေါ်ယူဆွေးနွေးဆောင်ရွက်ခဲ့ရာ ယခုအထိ သက်ဆိုင်ရာမှ လွှတ်တော်သို့ တင်ပြနိုင်ခြင်းမရှိသေးပါ။ သက်ဆိုင်ရာသို့ နှိုးဆော်လျက်ရှိပါသည်။

၁၈။ သံအမတ်ကြီးများဆိုင်ရာ ဥပဒေကို အသစ်ပြဋ္ဌာန်းရန် အစိုးရအဖွဲ့မှပေးပို့ထားရာ ဥပဒေကြမ်းကော်မတီက အစည်းအဝေးများထိုင်၍ ၃ ကြိမ်ဆွေးနွေးခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌတက်ရောက်၍ ပါဝင်ဆွေးနွေးခဲ့ပါသည်။ ယနေ့အထိ ပြီးပြတ်ခြင်းမရှိသေးပါကြောင်း ဖော်ပြအပ်ပါသည်။

၁၉။ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်း၊ နိုင်ငံခြား တိုင်းပြည်များနှင့်လည်းကောင်း၊ သဘောတူစာချုပ်ချုပ်ဆို၍ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စရပ်များကို လွှတ်တော်တွင် တင်ပြလေ့ရှိသော်လည်း ကြိုတင်မသိရှိရခြင်း၊ အချိန်မရရှိခြင်းကြောင့် ကော်မတီအနေဖြင့် လေ့လာခြင်း၊ ဆွေးနွေးခြင်းကို ထိရောက်စွာ မလုပ်ကိုင်နိုင်သေးကြောင်းတွေ့ရှိရပါသည်။

**ကော်မတီဝင်များ၏ မေးခွန်း/အဆိုတင်သွင်းမေးမြန်းမှုများ**

၂၀။ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စများနှင့်လည်းကောင်း၊ နိုင်ငံတော်နှင့် မိမိမဲဆန္ဒ နယ်မြေဖွံ့ဖြိုးရေးနှင့် ပတ်သက်၍လည်းကောင်း၊ လတ်တလောတွင် မေးခွန်း/အဆိုများ တင်သွင်းမေးမြန်းမှု ပြုလုပ်ခဲ့ကြပါသည်။ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးမြန်းတင်သွင်းခဲ့သည့် မေးခွန်း/အဆို အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၁ ခုနှစ်တွင် (၂၀) ကြိမ်

(ခ) ၂၀၁၂ ခုနှစ်တွင် (၅၈) ကြိမ်

(ဂ) ၂၀၁၃ ခုနှစ်တွင် (၁၃၃) ကြိမ် (ကြယ်ပွင့်မပြမေးခွန်း (၉၀)ကြိမ် အပါအဝင်)

(ဃ) ၂၀၁၄ ခုနှစ်တွင် (၄၇) ကြိမ်

**မူကြမ်း**

(င) ၂၀၁၅ ခုနှစ်တွင် (၆) ကြိမ် (ကြယ်ပွင့်မပြမေးခွန်း (၃) ကြိမ် အပါအဝင်)

**မှတ်ချက်။** ၂၀၁၅ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အထိသာဖြစ်ပါသည်။

၂၁။ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအနေဖြင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီး ယားပြည်နယ်၊ လော့စ်အိန်ဂျယ်လ်လိစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ပေးရန်ကိစ္စကို ၂၀၁၂ ခုနှစ်တွင် မေးမြန်းခဲ့ရာ ၂၀၁၅ ခုနှစ်တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများဥပဒေ အသစ်ပြဋ္ဌာန်းရေးနှင့်ပတ်သက်၍ မေးမြန်း ခဲ့ရာ ယနေ့အထိ လွှတ်တော်သို့ တင်သွင်းနိုင်ခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ (၁၂)ကြိမ် မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများဥပဒေ တင်ပြရေးကိစ္စကို မေးခွန်းအဖြစ် ထပ်မံမေးမြန်းခဲ့ရာ ယခုထိ တင်ပြလာခြင်းမရှိသေးပါ။

**နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter- Parliamentary Union = IPU) သို့ အဖွဲ့ဝင် အဖြစ် ဝင်ရောက်ခြင်း**

၂၂။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်အရ မြန်မာ့ပါလီမန်များကို ဖွဲ့စည်းခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးပါဝင်သော အကြီးဆုံးပါလီမန်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သော (IPU) တွင် မြန်မာပါလီမန်က အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပါသည်။ ထို့နောက် ပါလီမန်များ ဖျက်သိမ်းချိန်မှစ၍ (IPU)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားခြင်း မပြုတော့ပါ။ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ် အရ လွှတ်တော်များပေါ်ပေါက်ခဲ့ရာ မြန်မာလွှတ်တော်အား (IPU)တွင် မြန်မာနိုင်ငံလွှတ်တော် ပါဝင်ရန် ဆောင်ရွက်ခဲ့ပါသည်။

၂၃။ ၂၀၁၂ ခုနှစ် မတ်လတွင် (IPU) အတွင်းရေးမှူးချုပ်ရုံးက ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ပြည်ထောင်စုလွှတ်တော်အား ၂၀၁၂ ခုနှစ် မတ်လတွင် ယုဂန်ဒါနိုင်ငံ ကန်ပါလာမြို့တွင် ကျင်းပမည့် (IPU)၏ ၁၂၆ ကြိမ်မြောက် ညီလာခံသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါရန်နှင့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေး ဆောင်ရွက်ရန် အကြောင်းကြားခဲ့ရာ အောက်ပါ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည် -

(က) ဦးမြညိမ်း အဖွဲ့ခေါင်းဆောင်

ဒုတိယနာယက

ပြည်ထောင်စုလွှတ်တော်

(ခ) ဦးနန္ဒကျော်စွာ အဖွဲ့ဝင်

ဒုတိယဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

(ဂ) ဦးလှမြင့်ဦး အဖွဲ့ဝင်

ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ

ပြည်သူ့လွှတ်တော်

(ဃ) ဦးညွန့်တင် အဖွဲ့ဝင်

အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကော်မတီ

၂၄။ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် (IPU)သို့ မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်က အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ၂၀၁၂ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့က အဆိုပြုလွှာပေးပို့ခဲ့ရာ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အဆိုပြုလွှာအရ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဖွဲ့ဝင်အဖြစ် လက်ခံစဉ် မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဦးမြညိမ်းက မိန့်ခွန်းပြောကြားခဲ့ပါသည်။ (IPU) အဖွဲ့သည် နိုင်ငံအသီးသီးမှ လွှတ်တော် ၁၉၀ ကျော် ပါဝင်ဖွဲ့စည်းထားသော လွှတ်တော်များဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပါသည်။

**ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များ/နိုင်ငံတကာအစည်းအဝေးများ**

၂၅။။ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် သက်ဆိုင်ရာနိုင်ငံလွှတ်တော်များမှ အကြီးအကဲများ၏ ဖိတ်ကြားချက်အရ ပြည်ပသို့ ချစ်ကြည်ရေးခရီးများသွားရောက်ခဲ့ပါသည်။ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ရသည့် ရည်ရွယ်ချက်များမှာ သက်ဆိုင်ရာနိုင်ငံများရှိ လွှတ်တော်များနှင့် ချစ်ခင်ရင်းနှီးမှုတည်ဆောက်ရန်၊ မြန်မာနိုင်ငံတွင် လွှတ်တော်များပေါ်ပေါက်လာပြီးနောက်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ ဒီမိုကရေစီ အသွင်

ကူးပြောင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှု၊ နိုင်ငံတော်က ပြောင်းလဲကျင့်သုံးနေသည့် နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်အညီ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ကမ္ဘာသို့ ရှင်းလင်းအသိပေးရန်နှင့် နိုင်ငံအလိုက် ဖွဲ့စည်းကျင့်သုံးနေသော လွှတ်တော်၊ ပါလီမန်စနစ်များကို လေ့လာ၊ ဆွေးနွေး၊ အမြင်ချင်းဖလှယ်ရန်ဖြစ်ပါသည်။ ချစ်ကြည်ရေးခရီးစဉ်များအတွင်း လွှတ်တော်၊ အစိုးရအဖွဲ့အစည်းများသာမက မြန်မာမိသားစုများနှင့်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ဟောပြောဆွေးနွေးခြင်း၊ လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့်အညီ ခရီးစဉ်ရေးဆွဲခြင်း၊ စာအုပ်စာတမ်းများပြုစုခြင်း၊ မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၂၆။ ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ခဲ့ရာ တစ်နိုင်ငံချင်းသွားရောက်ခြင်း၊ ပထဝီအနေအထားနှင့် ဆက်သွယ်ရေးလမ်းကြောင်းအရ ခရီးတစ်ခေါက်အတွင်း တစ်နိုင်ငံထက်ပို၍ ဆက်စပ်သွားရောက်ခြင်း၊ ခရီးသွားဟန်လွှဲ၊ ညှိနှိုင်း၍ ဝင်ရောက်လေ့လာခြင်းများရှိခဲ့ပါသည်။ အစီရင်ခံသည့် ငါးနှစ်နီးပါးကာလအတွင်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်၍ သွားရောက်ခဲ့သည့် ခရီးစဉ်အခေါက်ရေပေါင်းမှာ (၂၀)ဖြစ်ပြီး၊ လေ့လာရောက်ရှိခဲ့သည့် လွှတ်တော်ပေါင်းမှာ (၂၈)ခု ဖြစ်ပါသည်။ ခရီးသွား ဟန်လွှဲ လေ့လာခဲ့သည့် နိုင်ငံ (၄)နိုင်ငံဖြစ်ပါသည်။ နာယက/ဥက္ကဋ္ဌကိုယ်တိုင်ဦးဆောင် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သော နိုင်ငံတကာအစည်းအဝေး (၄)ခုရှိပါသည်။ နိုင်ငံများ/လွှတ်တော်များစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) **ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး လေ့လာခဲ့သည့် နိုင်ငံ/လွှတ်တော်များ**

| | |
|---|---|
| ၁။ ရုရှားဖက်ဒရေးရှင်း | ၁၅။ ဘရူးနိုင်း |
| ၂။ အိန္ဒိယ | ၁၆။ ထိုင်း |
| ၃။ တရုတ် (၃ ကြိမ်) | ၁၇။ မလေးရှား |
| ၄။ ဂျာမနီ | ၁၈။ ဆွစ်ဇာလန် |
| ၅။ ဘယ်လ်ဂျီယံ | ၁၉။ သြစတြီးယား |
| ၆။ ပြင်သစ် | ၂၀။ ဂျပန် |
| ၇။ နော်ဝေး | ၂၁။ အင်ဒိုနီးရှား |

**မူကြမ်း**

| | |
|---|---|
| ၈။ ယူနိုက်တက်ကင်းဒမ်း | ၂၂။ ကမ္ဘောဒီးယား |
| ၉။ ဒိန်းမတ် | ၂၃။ ဟောင်ကောင် |
| ၁၀။ ဩစတြေးလျ | ၂၄။ မွန်ဂိုလီးယား |
| ၁၁။ စင်္ကာပူ | ၂၅။ ဗီယက်နမ် |
| ၁၂။ နယူးဇီလန် | ၂၆။ လာအို |
| ၁၃။ ကိုရီးယားသမ္မတနိုင်ငံ | ၂၇။ အီတလီ |
| ၁၄။ အမေရိကန် (၂ ကြိမ်) | ၂၈။ ဖိလစ်ပိုင် |

**မှတ်ချက်။** ။သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်တိုင်းအတွက် လွှတ်တော်ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှု၊ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးမှု၊ အခြားစီးပွားရေး၊ ကုန်သွယ်ရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးလေ့လာမှုများ၊ မြန်မာသံရုံးတိုင်းသို့သွားရောက်ပြီး၊ သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံဆွေးနွေးမိန့်ကြားမှုများကို သီးခြားမှတ်တမ်းပြုစု၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရုံးတွင် ထိန်းသိမ်းထားရှိကြောင်း ဖော်ပြအပ်ပါသည်။

**အခြားဝင်ရောက်လေ့လာခဲ့သည့်နိုင်ငံများ**

၂၇။ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ပြည်ပချစ်ကြည်ရေး ခရီးစဉ်များအတွင်း ရရှိသည့်အချိန်ကိုအကျိုးရှိစွာအသုံးချလိုသဖြင့် လေယာဉ်ခရီးစဉ်အရလည်းကောင်း၊ အလျဉ်းသင့်၍လည်းကောင်း၊ ကြိုတင်ချိန်းထိုးထားခြင်းမရှိဘဲ၊ ဆွီဒင်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံနှင့် ဗာတီကင်နိုင်ငံများသို့ ဝင်ရောက်လည်ပတ် လေ့လာခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့သည် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဂေဟောင်မြို့သို့ ရောက်ရှိစဉ်၊ နေ့လယ်ပိုင်းအချိန်ရရှိသဖြင့် အိမ်နီးချင်း ဆွီဒင်နိုင်ငံ Melmo မြို့သို့ မော်တော်ယာဉ်ဖြင့် သွားရောက်လေ့လာခဲ့ပြီး၊ ညနေပိုင်းအပြန်ခရီးတွင် မော်တော်ယာဉ်တင် ကူးတို့ယာဉ်ဖြင့် ဒိန်းမတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ထို့အတူ ဩစတြီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာ အိမ်နီးချင်း ဟန်ဂေရီနိုင်ငံသို့ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အစီအစဉ်အရ မော်တော်ယာဉ်ဖြင့် နေ့ချင်းပြန်သွားရောက်ခဲ့ပြီး၊ လွှတ်တော်အဆောက်အဦအပြင် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ပါသည်။ အခြားသွားရောက်လေ့လာခဲ့သည့် နိုင်ငံမှာ အီတလီနိုင်ငံ၊ ရောမမြို့အတွင်းရှိ ပုပ်ရဟန်းမင်းကြီးအုပ်ချုပ်သည့် ဗာတီကင်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အာရှ၊ ဥရောပပါလီမန်ဆိုင်ရာ မိတ်ဖက်နိုင်ငံများ အစည်းအဝေးသို့တက်ရောက်ရန် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိခဲ့စဉ်၊

နိုင်ငံတစ်နိုင်ငံအဖြစ်သတ်မှတ်ထားသည့် ပုပ်ရဟန်းမင်းကြီးအုပ်ချုပ်သည့် ဗာတီကင်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပါသည်။ ပြည်ထောင်စု လွှတ်တော်နာယကနှင့် အဖွဲ့သည် အီတလီနိုင်ငံ ရောမမြို့မှ အပြန်ခရီးတွင် အာရပ်စော်ဘွားများ ပြည်ထောင်စု (United Arab Emirates) သို့ နံနက် ၆ နာရီတွင် ရောက်ရှိပြီး၊ ဗန်ကောက်မြို့သို့ ဆက်လက်ထွက်ခွာမည့် ၂၀၅၅ နာရီအချိန်အတွင်း UAE နိုင်ငံ ဒူဘိုင်းမြို့သို့ ဝင်ရောက် လေ့လာခဲ့ပါ သည်။ ရရှိသည့်အချိန်အတွင်း UAE နိုင်ငံ၏ ပြတိုက်နှင့် မြို့ပြစီမံကိန်းသို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

**နိုင်ငံတကာအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခြင်း**

၂၈။ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်မည့် နိုင်ငံတကာ အစည်းအဝေးများနှင့် ဆက်စပ်၍၊ ပြောကြားသည့် မိန့်ခွန်းများ၊ ဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို နိုင်ငံတကာဆက်ဆံရေးကော်မတီက ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်း ထားသည့် (IPU = Inter- Parliamentary Union) ကော်မတီ၊ (AIPA = ASEAN Inter-Parliamentary Assembly) ကော်မတီတို့နှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်နှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ ပြုစုဆောင်ရွက်ပေးခဲ့ရပါသည်။ နာယကကြီး တက်ရောက်ခဲ့သည့် နိုင်ငံတကာအစည်းအဝေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **၁၂၉ ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ (သမဂ္ဂ)(IPU) အစည်း အဝေးသို့ တက်ရောက်ခြင်း။** ။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၂၇-၁၀-၂၀၁၃ ရက်နေ့က ကျင်းပသော အဆိုပါအစည်းအဝေးတွင် နာယကကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုကိစ္စရပ်များ၊ လွှတ်တော်များ၏ ကြိုးပမ်း ဆောင်ရွက်မှုများ၊ IPU မှ မြန်မာ့လွှတ်တော်များသို့ အကူအညီပေးနေမှုများအတွက် ကျေးဇူးတင်ကြောင်း၊ အဆိုပါညီလာခံသို့ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၃၄)နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း (၁၂၆၀) ဦးတက်ရောက်ခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌပေါင်း (၄၀) ဦးတက်ရောက်ခဲ့ပါသည်။ အစည်းအဝေး တက်ရောက်နေစဉ်အတွင်း (IPU) ဥက္ကဋ္ဌ၊ အတွင်းရေးမှူးချုပ်တို့နှင့်လည်းကောင်း၊ မော်ရိုကိုနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အီရန်

နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ အိန္ဒိယနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေး ခဲ့ပါသည်။

(ခ) **(၃၅) ကြိမ်မြောက်၊ အာဆီယံပါလီမန်ဆိုင်ရာညီလာခံ (AIPA) သို့ တက်ရောက်ခြင်း။** ။ လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ၁၅-၉-၂၀၁၄ ရက်နေ့က ကျင်းပသော အဆိုပါ အစည်းအဝေးတွင် နာယကကြီးက မြန်မာလွှတ်တော်များ၏ အထွေထွေအခြေအနေ များကို ရှင်းလင်းပြောကြားပြီး၊ လာအိုနိုင်ငံသမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်တို့ နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ဂ) **(၈)ကြိမ်မြောက် အာရှ၊ ဥရောပပါလီမန်များဆိုင်ရာ မိတ်ဖက်အစည်းအဝေးသို့ တက်ရောက်ခြင်း။** ။ အီတလီနိုင်ငံ ရောမမြို့တွင် ၆-၁၀-၂၀၁၄ ရက်နေ့က စတင် ကျင်းပသော အဆိုပါအစည်းအဝေးတွင် အီတလီနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဿစတြေးလျနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး၊ အီတလီနိုင်ငံ အမျိုးသားအုပ်ချုပ်ရေး တက္ကသိုလ်ပါမောက္ခချုပ် တို့နှင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ချုပ် (FAO) မှ ညွှန်ကြားရေးမှူးချုပ်တို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

**နာယက ကိုယ်စား နိုင်ငံတကာအစည်းအဝေးတက်ရောက်မှု**

(ဃ) နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပသော နိုင်ငံတကာပါလီမန်အဖွဲ့ (IPU) ၏ ၁၃၃ ကြိမ်မြောက်၊ ညီလာခံသို့ တက်ရောက်ပြီး၊ နာယကကိုယ်စား မိန့်ခွန်းပြောကြားခဲ့ပါသည်။ ဦးလှမြင့်ဦး နှင့်အတူ ပြည်သူ့ လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင် ဒေါ်အေးအေးမူလည်း တက်ရောက်ခဲ့ပါသည်။

(င) ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပသည့် အဖွင့်ဝင်နိုင်ငံများနှင့် ဂျပန်လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ ဆွေးနွေးပွဲသို့ နာယကကြီးသို့မဟုတ် ကိုယ်စားလှယ်တက်ရောက်ပါရန် AIPA အတွင်းရေးမှူးချုပ်ရုံးက ဖိတ်ကြားလာရာ နာယက၏ လမ်းညွှန်ချက်အရ ကော်မတီ

မူကြမ်း

ဥက္ကဋ္ဌ ဦးလှမြင့်ဦး တက်ရောက်ဆွေးနွေးခဲ့ပါသည်။ အဖွဲ့ဝင်အဖြစ် ကော်မတီမှ ဦးစီးအရာရှိ ဦးမင်းခိုင် လိုက်ပါခဲ့ပါသည်။

**ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ**

၂၉။ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စုသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လတွင်လည်းကောင်း၊ ၂၀၁၅ခုနှစ် ဧပြီလတွင်လည်းကောင်း၊ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာ၊ နယူးယောက်မြို့သို့ ရောက်ရှိသည့် (၂)ကြိမ်လုံးတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် ရင်းနှီးစွာတွေ့ဆုံဆွေးနွေးပြီး၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ပြောကြားခြင်း၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားဆွေးနွေးခဲ့ပါသည်။ နာယကကြီးသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှအကြီးအကဲ Ms. Helen Clark နှင့်တွေ့ဆုံဆွေးနွေး၍ လွှတ်တော်များအတွက် အကူအညီပေးနေမှုများအတွက် ကျေးဇူးတင်စကားပြောခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

**အခြားတွေ့ဆုံဆွေးနွေးမှုများ**

၃၀။ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းသည် ပုဂ္ဂိုလ်ရေးရင်းနှီးမှုအရ လည်းကောင်း၊ အလုပ်သဘောအရလည်းကောင်း၊ သီးခြားဖိတ်ကြားမှုအရလည်းကောင်း၊ အရေးကြီးပုဂ္ဂိုလ်များနှင့် တွေ့ဆုံနွေးဆွေးရာတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌလည်း တက်ရောက်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများမှာ စင်္ကာပူနိုင်ငံ ဝါရင့်ဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်၏ ညစာစားပွဲ (၂) ကြိမ်၊ အမေရိကန်ပြည်ထောင်စုမှ မစ္စတာဂျော့ဆောရော့နှင့် တွေ့ဆုံဆွေးနွေးမှု၊ Asia Society Policy Institute မှ ဥက္ကဋ္ဌဖြစ်သူ ဩစတြေးလျ၏ဝန်ကြီးချုပ်ဟောင်း Mr. Kavin Rudd စသည်တို့ ဖြစ်ကြပါသည်။

**ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ချစ်ကြည်ရေးခရီးစဉ်များ အတွင်း လေ့လာတွေ့ရှိချက်အရ ဆက်လက်ဆောင်ရွက်မှုများ**

၃၁။ ပြည်ထောင်စုလွှတ်တော်၊ နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ရာတွင် အစီအစဉ်အရ သွားရောက်မည့်နိုင်ငံတွင် ရောက်ရှိမည့် နေရာ၊ လေ့လာရမည့်ဌာန၊ နိုင်ငံ၏ထူးခြားချက်၊ လေ့လာသင့်သည့် အကြောင်းအရာများအလိုက် ကိုယ်စားလှယ်အဖွဲ့ကို

ရွေးချယ်ဖွဲ့စည်းပြီး ခရီးမစတင်မီကပင် တာဝန်ခွဲဝေပေးလေ့ရှိပါသည်။ တာဝန်ခွဲဝေမှုအရ ကိုယ်စားလှယ်များကို တာဝန်ယူလေ့လာစေခြင်း၊ စာအုပ်စာတန်းများ စုဆောင်းရယူပေးပြီး သီးခြားစာတန်းများကိုလည်း ပြုစုစေခဲ့ပါသည်။ သွားရောက်ခဲ့သည့်နိုင်ငံအလိုက် လေ့လာတွေ့ရှိချက်အရ ဆက်လက်ဆောင်ရွက်ရသည့် ကိစ္စရပ်အချို့ကို အောက်ပါအတိုင်းကောက်နုတ်တင်ပြအပ်ပါသည် -

(က) နိုင်ငံတိုင်းရှိလွှတ်တော်များ၏ ဖွဲ့စည်းမှု၊ ဝန်ထမ်းများခန့်ထားမှု၊ ဥပဒေပြုရေး၊ ရသုံးမှန်းခြေငွေစာရင်းစိစစ်မှု၊ အခွန်အကောက်စနစ်များကို ရနိုင်သမျှ လေ့လာရပါသည်။

(ခ) လွှတ်တော် နှစ်ရပ်ရှိလျှင် မတူညီသော လုပ်ပိုင်ခွင့်စနစ်ကျင့်သုံးမှု၊

(ဂ) ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်များ ခွဲဝေတာဝန်ယူမှု၊

(ဃ) အာဏာပိုင်အဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန်ထိန်းညှိမှု၊

(င) နိုင်ငံဖွဲ့စည်းပုံစနစ်ကို လေ့လာရာတွင် (ဖက်ဒရယ်ပြည်ထောင်စုစနစ်) ကျင့်သုံးမှုကို လေ့လာသင့်သော ဂျာမနီနိုင်ငံ၊ ဆွစ်ဇာလန်နှင့် အမေရိကန် ပြည်ထောင်စုတို့က ကျင့်သုံးပုံစနစ်၊

(စ) လွှတ်တော်များ၏ လုံခြုံရေးကို တာဝန်ယူမှုနှင့်ပတ်သက်၍ လွှတ်တော် ပရဝုဏ်အတွင်း လွှတ်တော်လုံခြုံရေးအဖွဲ့က တာဝန်ယူပြီး ပရဝုဏ်ပြင်ပတွင် ရဲတပ်ဖွဲ့က တာဝန်ယူမှုစနစ်၊ (Ser geant at Arms ခန့်ထားဆောင်ရွက်မှု)

(ဆ) ရွေးကောက်ပွဲစနစ်များ (များသူအနိုင်ယူစနစ်/ အချိုးကျကိုယ်စားပြုခြင်းစနစ် စသည်များ)

(ဇ) လွှတ်တော်အတွင်း အခြေအတင်ဆွေးနွေးမှုကို စည်းကမ်းအရ ထိန်းကျောင်းကွပ်ကဲမှု (အစည်းအဝေးခန်းမမှ နှင်ထုတ်သည့် ပြစ်ဒဏ်ပေးမှု အတွေ့အကြုံ)

(ဈ) ခုံသမာဓိ လူကြီးများ(Ombudsmen) ဖြင့် ကြီးကြပ်စစ်ဆေးမှုစနစ်

(ည) လွှတ်တော်ကိုယ်စားလှယ်များအား ခံစားခွင့်ပြုထားသည့် အခွင့်အရေးများ (နေရာထိုင်ခင်း၊ လစာ/စရိတ်နှင့် စည်းကမ်းသတ်မှတ်ချက်များ)

(ဌ) နိုင်ငံအချို့၏ မိမိမဲဆန္ဒရှင်များအား ပြန်လည်တွေ့ဆုံခြင်း၊ အစီရင်ခံခြင်း အစီအစဉ်များ (ဗြိတိန်နိုင်ငံ၏ Surgery ပုံမှန်အစီအစဉ်၊ စင်္ကာပူနိုင်ငံ၏ ရက်သတ္တပတ်အလိုက် လူဦးရေအကန့်အသတ်ဖြင့် တွေ့ဆုံကြားနာသည့် အစီအစဉ် စသည့်)

(ဍ) လွှတ်တော်ကိုယ်စားလှယ်များအား ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သတ်မှတ်ပေး၍ မိမိမဲဆန္ဒနယ်မြေအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်း၊ ကြပ်မတ်ခြင်း (ဥပမာ-အိန္ဒိယနိုင်ငံ)

(ဎ) နိုင်ငံအလိုက် လွှတ်တော်မှ ဧည့်သည်အား ကြိုဆိုဧည့်ဝတ်ပြုမှု (ဂုဏ်ပြုတပ်ဖွဲ့၊ ညစာ၊ ဖျော်ဖြေမှုအစီအစဉ်စသည်များ)

(ဏ) နိုင်ငံရေးပါတီများနှင့် ဆက်စပ်နေသည့် အမေရိကန်၊ NDI၊ IRI၊ ဂျပန် LDP၊ တရုတ်ကွန်မြူနစ်ပါတီ စသည်တို့နှင့်ဆွေးနွေးမှု

(ဏ) ကုန်သည်ကြီးများအသင်း(Chambers of Commerce) များနှင့် တွေ့ဆုံဆွေးနွေးမှုများ

(တ) နိုင်ငံတကာ ကုမ္ပဏီများနှင့် တွေ့ဆုံလေ့လာမှု (GE, Samsumg, CP, Daewoo, Suzuki, TATA စသည်)

(ထ) မြို့ပြစီမံကိန်းများလေ့လာခြင်း(ရေသန့်ကိစ္စများအပါအဝင်)

(ဒ) ဘတ်ဂျက်နှင့် ဘဏ်ငွေရေးကြေးရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးမှု (ဟောင်ကောင် Sumteme Bank၊ နယူးယောက် Standard Charter Bank စသည်)

(ဓ) အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှု အလားအလာများ ရှင်းလင်းဆွေးနွေးခြင်း၊ ဖြေကြားခြင်း (အမေရိကန်နိုင်ငံ၊ စင်္ကာပူနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များ စသည့်)

**ချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ**

၃၂။ ချစ်ကြည်ရေးသွားရောက်ခဲ့သည့် လွှတ်တော်များနှင့် ချစ်ကြည်ရေးအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စာချုပ်များကို ချုပ်ဆိုခဲ့ကြရာ အာဆီယံနိုင်ငံအားလုံးနှင့် လွှတ်တော်နှစ်ရပ်ချစ်ကြည်ရေးအသင်းများ လျာထားဖွဲ့စည်းခဲ့ပြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊

အမျိုးသားပြည်သူ့ကွန်ဂရက်နှင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပါသည်။

၃၃။ အထက်ဖော်ပြပါ ကိစ္စရပ်များမှာ ခရီးစဉ်များအတွင်း လေ့လာဆောင်ရွက်ချက် အကျဉ်းမျှသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ရောက်ရှိသည့်အခါ သက်ဆိုင်ရာကော်မတီများနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အချို့အား ကျယ်ပြန့်စွာ လေ့လာစေရန် စာတမ်းများပြုစုစေခြင်းများ ဆောင်ရွက်ကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီအနေဖြင့် စာအုပ်စာတမ်းများ စုဆောင်းဖြန့်ဝေခြင်း၊ အချို့ကိစ္စရပ်များတွင် ကော်မတီက စာတမ်းပြုစုခြင်းများ ဆောင်ရွက်ရပါကြောင်း တင်ပြအပ်ပါသည်။

**မြန်မာလွှတ်တော်များသို့ နိုင်ငံခြားလွှတ်တော်များ၏ အကြီးအကဲများ၊ ဧည့်သည် တော်ကြီးများ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မှု**

၃၄။ မြန်မာလွှတ်တော်များဖွဲ့စည်းပြီးချိန် ၂၀၁၁ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အတွင်း ပြည်ထောင်စုလွှတ်တော်၊ နာယကနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့၏ ဖိတ်ကြား ချက်တို့အရ ချစ်ကြည်ရေးလာရောက်ခဲ့ကြသော လွှတ်တော်အကြီးအကဲများ၊ ဧည့်သည်တော်ကြီးများ၏ ချစ်ကြည်ရေးခရီးအစီအစဉ်များကို နိုင်ငံတကာဆက်ဆံရေးကော်မတီမှ မှတ်တမ်းပြုစု၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

(က) မစ္စတာ ကျာချင့်လင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ၊ နိုင်ငံရေးဗျူရိုနှင့် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၊ အမျိုးသားကော်မတီ (၅-၄-၂၀၁၁)

(ခ) မစ္စတာ ဝူဘန်းကို၊
တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊
အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ (၁၃-၉-၂၀၁၂)

(ဂ) မစ္စတာ ကန်ချန်ဟီး
အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊
ကိုရီးယားသမ္မတနိုင်ငံ (၂၃-၁-၂၀၁၃)

(ဃ) မဒမ် ပါနီယာသိုတု

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ (၂၅-၁-၂၀၁၃)

(င) မဒမ် မီရာကူမာ

အောက်လွှတ်တော် ဥက္ကဋ္ဌ

အိန္ဒိယသမ္မတနိုင်ငံ (၁၄-၂-၂၀၁၃)

(စ) မစ္စတာ လက်ကီတော့(ဖ်)

လွှတ်တော်ဥက္ကဋ္ဌ၊ ဒိန်းမတ်နိုင်ငံ (၈-၃-၂၀၁၃)

(ဆ) မစ္စတာ ဂျိုဇက်ဟော(ဂ်)

အထက်လွှတ်တော်၊ ဥက္ကဋ္ဌ

ဩစတြေးလျနိုင်ငံ (၃၀-၄-၂၀၁၃)

(ဇ) မစ္စတာ ဖိလစ်ပိုလွန်ဘာဒီ

အထက်လွှတ်တော်၊ ဥက္ကဋ္ဌ

ဆွစ်ဇာလန်နိုင်ငံ (၂၂-၅-၂၀၁၃)

(ဈ) မစ္စတာ ကီရတ်စူရာနော့

အောက်လွှတ်တော်၊ ဥက္ကဋ္ဌ

ထိုင်းနိုင်ငံ (၂၀-၆-၂၀၁၃)

(ည) မစ္စတာ ငုယင်ဆင်ဟွန်

အမျိုးသားလွှတ်တော်၊ ဥက္ကဋ္ဌ

ဗီယက်နမ်နိုင်ငံ (၂၄-၇-၂၀၁၃)

(ဋ) မစ္စတာ ဘာကောင်း

အောက်လွှတ်တော်၊ ဥက္ကဋ္ဌ

**မူကြမ်း**

ပြီတိန်နိုင်ငံ (၃၀-၇-၂၀၁၃)

(၄) မစ္စတာ ဒေးဗစ်ကာတာ

လွှတ်တော်၊ ဥက္ကဋ္ဌ

နယူးဇီလန်နိုင်ငံ (၄-၁၀-၂၀၁၃)

(၃) မစ္စတာ ချွန်ယွီဟွာ

အမျိုးသားလွှတ်တော်၊ ဥက္ကဋ္ဌ

ကိုရီးယားသမ္မတနိုင်ငံ (၁၉-၁-၂၀၁၅)

**မှတ်ချက်။ ။** နော်ဝေဘုရင်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ အမေရိကန်သမ္မတ၊ စင်္ကာပူ သမ္မတ စသည့် ဧည့်သည်တော်များနှင့် တွေ့ဆုံခဲ့သော်လည်း ဖိတ်ကြားခြင်း၊ နေ့လယ်စာ၊ ညစာဧည့်ခံခြင်းများ မပြုလုပ်၍ ထည့်သွင်းဖော်ပြခြင်းမရှိပါ။

**ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ဖိတ်ကြားသည့် လေ့လာရေး ခရီးစဉ်များ**

၃၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်၊ နိုင်ငံခြားဆက်ဆံရေးကော်မတီက ဖိတ်ကြားချက်အရ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များပါဝင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ (၂)ကြိမ် သွားရောက်လေ့လာခဲ့ပါသည်။ ပထမအကြိမ်မှာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့ဖြစ်ပြီး၊ ပြည်သူ့ လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး၊ ဦးကိုကိုထွန်း၊ ဦးအောင်ကျော်စိုး၊ ဦးနယ်လ်ဆင်(ခေါ်)ဦးဆောင်ဆီ၊ ဒုဗိုလ်မှူးကြီးတင့်ဆန်း (ယခု ဗိုလ်မှူးချုပ်)၊ ဦးထွန်းအောင်ကျော်၊ ဦးစောလှထွန်းတို့ပါဝင်ပြီး၊ ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဖော်ဖော်ထိုက် တို့ပါဝင်ပါသည်။ လေ့လာရေးခရီးစဉ်အတွင်း ဘေဂျင်းမြို့၊ ဝူရှီမြို့၊ ရှန်ဟဲမြို့နှင့် ကူမင်းမြို့သို့ သွားရောက် လေ့လာခဲ့ပါသည်။ ခရီးစဉ်တွင်တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး၊ နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးနှင့် တရားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ နေ့လယ်စာ၊ ညစာများ အတူသုံးဆောင်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါခရီးစဉ်မှာ မြန်မာနိုင်ငံသို့

အလည်အပတ်ရောက်ခဲ့သော ပြည်သူ့ကွန်ဂရက်၊ နိုင်ငံခြားဆက်ဆံရေး၊ အမြဲတမ်းကော်မတီ ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်အတွက် အပြန်အလှန်ဖိတ်ကြားခြင်းဖြစ်ပါသည်။

၃၆။ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊ နိုင်ငံခြားဆက်ဆံရေးကော်မတီက ဖိတ်ကြားသည့် ဒုတိယကြိမ် လေ့လာရေးခရီးစဉ်မှာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ဖြစ်ပါသည်။ သွားရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၊ ကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ရွှေ၊ ဦးစိုင်းကျောက်၊ ဦးဟန်စိန်၊ ဦးကျော်မြင့်၊ ဦးဇင်းဝမ်း တို့ပါဝင်ပြီး၊ ရုံးအဖွဲ့မှ ဒုဦးစီးမှူး ဦးမင်းခိုင်တို့ ပါဝင်ပါသည်။ ခရီးစဉ် အတွင်းဘေဂျင်းမြို့နှင့် ကွမ်ကျိုးမြို့များသို့ ရောက်ရှိခဲ့ပါသည်။ တရုတ် အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကွမ်ကျိုးမြို့ အုပ်ချုပ်ရေးမှူးတို့က လက်ခံတွေ့ဆုံဆွေးနွေး၍ နေ့လယ်စာ၊ ညစာများဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ ကွမ်းကျိုးမြို့မှ စိုက်ပျိုးရေး နည်းပညာစမ်းသပ်ခန်း၊ နည်းပညာဇုန်၊ လျှပ်စစ်ဓာတ်အားလိုင်းရေးဆွဲရေးဌာန၊ သဘာဝဓါတ်ငွေ့စက်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပါသည်။

## အခြားဆောင်ရွက်ရသည့် ကိစ္စရပ်များ

၃၇။ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအား ချစ်ကြည်ရေးခရီးစဉ်များ၊ ဆွေးနွေးပွဲများ၊ သင်တန်းများသို့ စဉ်ဆက်မပြတ် စေလွှတ်ခြင်းဖြင့် အတွေ့အကြုံဗဟုသုတ ရရှိရေးကို ဦးတည်လျက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့၏ လမ်းညွှန် ရွေးချယ်မှုနှင့်အညီ နိုင်ငံခြားတိုင်းပြည်၊ လွှတ်တော်များသို့ စေလွှတ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၁၃ ဦးရှိပြီဖြစ်ပါသည်။

၃၈။ နာယက/ဥက္ကဋ္ဌကြီးအနေဖြင့် လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်တိုင်း နိုင်ငံခြားသို့ စေလွှတ်ရန် ရည်ရွယ်ခဲ့သော်လည်း လုပ်ငန်းတာဝန်၊ ဘဏ္ဍာရေးအခြေအနေ၊ လက်ခံနိုင်သည့် ကိုယ်စားလှယ်ဦးရေ၊ ဘာသာရပ်ဆိုင်ရာ အလေးထား ရွယ်ချယ်ရမှုတို့ကြောင့် ရည်မှန်းထားသည်ထက် ၅၀ ရာခိုင်နှုန်းခန့်ကိုသာ စေလွှတ်နိုင်ခဲ့ကြောင်း ဖော်ပြအပ်ပါသည်။ ပြည်သူ့

လွှတ်တော်ရုံးမှ ဝန်ထမ်း (၆၃) ဦးသည်လည်း နိုင်ငံခြားလွှတ်တော်များသို့ သွားရောက်လေ့လာခြင်း၊ သင်တန်းများ တက်ရောက်ခြင်းများရှိခဲ့ပါသည်။

**နိုင်ငံခြားဧည့်သည်များအား လက်ခံတွေ့ဆုံခြင်း**

၃၉။ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်အချို့သည် သက်ဆိုင်ရာမှ ဆက်သွယ်မေတ္တာ ရပ်ခံချက်အရ လက်ခံတွေ့ဆုံခဲ့ရပါသည်။ ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်များ ပေါ်ပေါက်လာမှု သမိုင်းကြောင်း၊ လွှတ်တော်များဖွဲ့စည်းပုံ၊ လွှတ်တော်က ဆောင်ရွက်နေသည့်လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ဆဲဥပဒေကြမ်းများ၊ လွှတ်တော် အရည်အသွေးမြှင့်တင်ရေးအစီအစဉ်ကို ကူညီပံ့ပိုးမှုကိစ္စ ရပ်များ၊ လွှတ်တော်များ အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် အခြားဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များ (ဥပမာ- ရွေးကောက်ပွဲ စနစ်၊ ဖက်ဒရယ်စနစ်၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး အခြေအနေများ) ပါဝင် ပါသည်။ တွေ့ဆုံခဲ့သည့်အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ခုနှစ် | ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ ကိုယ်စား | IPU/AIPA | UN အဖွဲ့ အစည်း များ | EU အဖွဲ့ အစည်း များ | သံရုံးများ | အခြားအဖွဲ့ အစည်းများ | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁။ | ၂၀၁၁ | - | - | - | - | ၁ | ၁ | ၂ |
| ၂။ | ၂၀၁၂ | ၃ | ၃ | ၆ | ၂ | ၁၄ | ၂၂ | ၅၀ |
| ၃။ | ၂၀၁၃ | ၁၁ | ၃ | ၁၀ | ၁ | ၁၉ | ၂၇ | ၇၁ |
| ၄။ | ၂၀၁၄ | ၂၃ | ၁ | ၃ | - | ၄ | ၅ | ၃၆ |
| ၅။ | ၂၀၁၅ | ၇ | - | ၁ | - | ၁၈ | ၁၈ | ၄၄ |
| ၆။ | စုစုပေါင်း | ၄၄ | ၇ | ၂၀ | ၃ | ၅၆ | ၇၃ | ၂၀၃ |

**လွှတ်တော်၏အရည်အသွေးမြှင့်တင်ရေးအစီအစဉ်**

၄၀။ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင် ရေးကို စနစ်တကျညှိနှိုင်းဆောင်ရွက်ရန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ၊ ပြည်သူ့ လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် လွှတ်တော်သို့ အကူအညီပေးအပ်လိုသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ လွှတ်တော်များအရည်အသွေးမြှင့်တင်ရေးနှင့်ပတ်သက်၍ လွှတ်တော်သို့ ဆက်သွယ်လာသည့် နည်းတူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကမ်းလှမ်းမှုများလည်း ရှိလာခဲ့ရာ၊ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကမ်းလှမ်းမှုများကို ညှိနှိုင်းဆောင်ရွက်ရန် အဖွဲ့တစ်ရပ်ကို ဒေါ်အောင်ဆန်းစုကြည်ကဦးဆောင်ပြီး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌက ပူးတွဲအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူညှိနှိုင်းဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခဲ့ပါသည်။

၄၁။ လွှတ်တော်များဖွဲ့စည်းပြီးစအချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံ နှုတ်ဆက်ချိန်တွင်လည်းကောင်း၊ ဥက္ကဋ္ဌ၏ ပြည်ပချစ်ကြည်ရေးခရီးစဉ်များတွင် ဆွေးနွေးချက်များအရ လည်းကောင်း၊ သီးခြားစာဖြင့် ကမ်းလှမ်းချက်များအရလည်းကောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP)/ (IPU) နှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီဖြင့် လွှတ်တော်အရည်အသွေးမြှင့်တင်ရေး သင်တန်းများ၊ ဟောပြောဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၄၂။ အမေရိကန်ပြည်ထောင်စုမှ မစ္စတာ ဂျော့ဆိုရော့(စ) ၏ (Open Society Foundation) မှ ဘာသာစကားသင်ကြားမှုအခန်း (Language Lab)ကူညီစီစဉ်ခဲ့သဖြင့်၊ လွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀)တွင် စာသင်ခန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကနဦး ဆောင်ရွက်နိုင်သည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) Open Society Foundation ၏ပံ့ပိုးမှုဖြင့် မြန်မာပညာသင် ကျောင်းသားများအဖွဲ့ (Myanmar Scholarship Alumni Association = MSAA) က ကြီးကြပ်ပို့ချ ပေးသည့် အင်္ဂလိပ်စာသင်ကြားမှု သင်တန်းများမှာ စုစုပေါင်း (၁၉)ခုဖြစ်ပြီး၊ Starter, Elementary, Pre-Inter နှင့် Intermediate ဟူ၍ အဆင့်(၄)ဆင့် ခွဲခြားထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအတွက် သင်တန်း (၇)ကြိမ် ပြုလုပ်ပေးခဲ့ရာ

ကိုယ်စားလှယ်(၃၈)ဦး၊ အရာထမ်း(၅၆)ဦး၊ အမှုထမ်းဦးရေ (၂၆၀)ဦးအတွက် သင်တန်းများလည်း ပါဝင်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ (၈) ကြိမ်ပြုလုပ်ခဲ့ပါသည်။

(ခ) (IPU) နှင့် (UNDP) မှ Management အရာထမ်း (၂၁)ဦး အတွက် သင်တန်း (၂) ကြိမ်ခဲ့၍ သင်ကြားပေးခဲ့ပါသည်။ Management မွမ်းမံသင်တန်းကို ထပ်မံဖွင့်လှစ်ပေးခဲ့ပါသည်။

(ဂ) အိန္ဒိယပါလီမန်မှ ကျွမ်းကျင်ပညာရှင်များက မြန်မာလွှတ်တော်ရုံး အရာထမ်း(၁၀)ဦး အတွက် ပါလီမန်ကျင့်စဉ်နှင့် လုပ်ထုံးလုပ်နည်းများ သင်တန်း(၂)ကြိမ် ပို့ချပေးခဲ့ပါသည်။

(ဃ) ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)က ဝန်ထမ်းများအတွက် Induction Training for newly Recruited Parliamentary Staff သင်တန်း(၄)ခု ဖွင့်လှစ်ပေးခဲ့ရာ၊ ဒုဦးစီးမှူးနှင့် စာရေးဝန်ထမ်း စုစုပေါင်း (၄၀)ဦး တက်ရောက်ခဲ့ပါသည်။

(င) ဒုဦးစီးမှူးနှင့် စာရေးဝန်ထမ်း (၁၄)ဦးအတွက် မော်ကွန်းနှင့် မှတ်တမ်းများ ထိန်းသိမ်းနည်းနှင့် အလုပ်ရုံဆွေးနွေးပွဲ သဘောတရားသင်တန်း၊ အရာရှိ၊ အရာထမ်း (၁၀) ဦးအတွက် ဆက်သွယ်ရေးအရာရှိ (Liaison Officer) သင်တန်းကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။

၄၃။ အထက်ဖော်ပြပါသင်တန်းများအပြင် အောက်ပါဟောပြောဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများကို ရုံး (၂၀) ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည် -

(က) စင်္ကာပူနိုင်ငံနှင့် ဟောင်ကောင်မှ မစ္စတာရောဘတ်ဖေ ခေါင်းဆောင်၍ အနုညာတဥပဒေဆိုင်ရာ ဆွေးနွေးပွဲ၊

(ခ) ဗြိတိန်နိုင်ငံပါလီမန်၊ ပြည်သူ့ငွေစာရင်းကော်မတီ (NAO) မှ ပြည်သူ့ငွေစာရင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊

(ဂ) ဂျာမနီနိုင်ငံ Wurzburg တက္ကသိုလ်မှပါမောက္ခ Dr.Hans Fchrer ၏ ဂျာမနီအခွန်စနစ်နှင့် ဘတ်ဂျက်လုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲ၊

(ဃ) ကမ္ဘာ့ဘဏ်၏ ရသုံးမှန်းခြေငွေစာရင်းစိစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ၊

(င) နော်ဝေးနိုင်ငံမှ အခြေစိုက်သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ၊

**နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) နှင့် (UNDP) တို့၏ ကူညီပံ့ပိုးမှုများ**

၄၄။ မြန်မာနိုင်ငံလွှတ်တော်များသည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)တွင် အဖွဲ့ဝင် အဖြစ် ပါဝင်ခဲ့ပြီးနောက်၊ မြန်မာလွှတ်တော်များ၏ အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများတွင် ကူညီ ပံ့ပိုးပေးရန် ဆွေးနွေးခဲ့ရာ (IPU) မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ခံအရာရှိတို့ လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးလှမြင့်ဦးတို့နှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ ကြပါသည်။ (IPU) သည် အဖွဲ့အနေဖြင့် ငွေကြေး၊ ပစ္စည်းစသည် တိုက်ရိုက်ကူညီမှုမပေးနိုင် သော်လည်း ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် အပါအဝင်အလှူရှင်နိုင်ငံများ ရှာဖွေ၍ ကူညီပေးမည်ဖြစ်ကြောင်း ညှိနှိုင်း ရရှိခဲ့ပါသည်။

၄၅။ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအား အကူအညီပေးနေသော အဖွဲ့ အစည်းတစ်ခုမှာ အမေရိကန်ပြည်ထောင်စုမှ (National Democratic Institute = NDI) ဖြစ်ပါသည်။ ၎င်းအဖွဲ့သည် လွှတ်တော် ကိုယ်စားလှယ်များ အရည်အသွေးမြှင့်တင်ရေး အတွက် ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို လွှတ်တော် ပရဝုဏ်ပြင်ပရှိ ၎င်းတို့ရုံးတွင် ကျင်းပပေး ပါသည်။ ထိုအဖွဲ့အစည်းသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ပထမအကြိမ် အမေရိကန် ပြည်ထောင်စု ချစ်ကြည်ရေးခရီးစဉ်တွင်လိုက်ပါ စီစဉ်ကူညီခဲ့သည့် အဖွဲ့အစည်းဖြစ်ပါသည်။

၄၆။ ဖော်ပြပါအချိန်တွင် လွှတ်တော်များအတွက် စာကြည့်တိုက်များ အဆင့်မြှင့်တင် ဖွဲ့စည်းရန်၊ သုတေသနလုပ်ငန်းဆောင်ရွက်ရန်နှင့် မော်ကွန်းတိုက်များ တည်ထောင်ရန်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုပြုခဲ့ရာ၊ အဆိုပါလုပ်ငန်းများအတွက် (IPU) နှင့် (UNDP) က ကူညီဆောင်ရွက် ပေးရန် သဘောတူခဲ့ပြီး၊ လွှတ်တော်စာကြည့်တိုက်ကို စနစ်တကျတည်ထောင်နိုင်ခဲ့ပါသည်။

**လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့တွင် ပါဝင် ဆောင်ရွက်ခြင်း**

၄၇။ လွှတ်တော်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပလွှတ်တော်များက ပေးအပ်သည့် အကူအညီပေးရေးအစီအစဉ်များကို စနစ်တကျအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လက်တွေ့ထိတွေ့ဆောင်ရွက်နေရသော ညွှန်ကြားရေးမှူးချုပ် (၃)ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၃)ဦး၊ ကော်မရှင်အဖွဲ့ဝင် (၃)ဦးတို့နှင့် ပေါင်းစပ်ညွှန်ကြားပေး၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးပါဝင်သော လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ (Joint Coordination Committee = JCC) ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၄)ဖြင့် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပေးခဲ့ပါသည်။

၄၈။ ပူးပေါင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌကို တာဝန်ပေးအပ်ထားရာ၊ ပူးပေါင်းအဖွဲ့ JCC၏ လုပ်ငန်းတာဝန်များကို၊ ယခင်က လွှတ်တော်အရည်အသွေးမြင့်မားရေးအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်နေသော အခြားအဖွဲ့များဖြစ်သည့် ဒေါက်တာစိုးရင်(ပြည်သူ့)၊ ဦးမောင်တိုး(ပြည်သူ့) တို့နှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်မှ ဦးခင်မောင်ရီ၊ ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ဝန်ထမ်းများနှင့်အတူ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများမှာ ပြည်ထောင်စုလွှတ်တော်၊ စာကြည့်တိုက်အဆင်မြှင့်တင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေသော ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)တို့၏ ကူညီပံ့ပိုးမှုအစီအစဉ်များဖြစ်ပါသည်။ (UNDP)နှင့် (IPU)တို့၏ စည်းရုံးဦးဆောင်မှုဖြင့် ကူညီနေသော အဖွဲ့အစည်းများမှာ Open Society Foundation၊ Myanmar Scholarship Alumni Association = MSAA၊ ဗြိတိန်နိုင်ငံ အောက်လွှတ်တော်၏ (Westminster Foundation)၊ ကနေဒါနိုင်ငံမှ CUSO International Organization၊ ဒိန်းမတ်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာနများ၊ (UK Aid) တို့ဖြစ်ကြပါသည်။ အိန္ဒိယလွှတ်တော်၊ ဩစတြေးလျလွှတ်တော်၊ နယူးဇီလန်လွှတ်တော်တို့နှင့် ဂျာမနီနိုင်ငံမှ (Hans Seidel Foundation)၊ Elbarlament အဖွဲ့နှင့် Friedrich Ebert Stiftung အဖွဲ့၊ နော်ဝေးနိုင်ငံမှ IDEA နှင့် ကမ္ဘာ့ဘဏ်တို့လည်း ပါဝင်ကြပါသည်။

**မူကြမ်း**

၄၉။ လွှတ်တော်စာကြည့်တိုက်အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်၏ လွှတ်တော်တစ်ခုတွင် ရှိသင့်ရှိထိုက်သော ရည်ညွှန်းကိုးကားနိုင်သည့် စာကြည့်တိုက် (Reference Library) တစ်ခုအဖြစ် ရည်မှန်းချက်ထားရှိပြီး၊ တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် လွှတ်တော်မှတ်တမ်းများထိန်းသိမ်းဌာန (Hluttaw Archive) အဖြစ် တည်ထောင်ရန်လည်း စတင်ဆောင်ရွက်လျက်ရှိပါသည်။

၅၀။ လွှတ်တော်စာကြည့်တိုက်နေရာတွင် သင့်တင့်သော အကျယ်အဝန်းရှိသဖြင့် (UNDP)၊ (IPU) နှင့် နိုင်ငံတကာလွှတ်တော်များ၊ အဖွဲ့အစည်းများအကူအညီဖြင့် (သုတေသနဌာန) (Research Centre) ဖွင့်လှစ်ထားပြီး သုတေသနလုပ်ငန်းများလည်း ဆောင်ရွက်နေပြီဖြစ်ပါသည်။ သုတေသနလုပ်ငန်းများကို ဗြိတိန်နိုင်ငံအောက်လွှတ်တော် (House of Commons) (Westminster Foundation) မှ ကျွမ်းကျင်သူတစ်ဦး အကူအညီပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ စာသင်ကြားရေးဌာန (Learning Centre) များဖွင့်လှစ်ပြီး သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပျူတာသင်တန်းများ၊ ဘာသာစကားသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ပြည်ထောင်စုလွှတ်တော် သင်ကြားရေးဌာန (Learning Centre) ဖွင့်လှစ်ပွဲကို အလည်အပတ်ရောက်ရှိနေသော ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် UNDP အကြီးအကဲ Ms. Helen Clark နှင့် ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ တို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

**ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်ကြီးကြပ်မှု**

၅၁။ အရည်အချင်းပြည့်ဝသော အဆင့်မြင့်လွှတ်တော်များကို တည်ဆောက်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ အရည်အချင်းပြည့်ဝရန် လိုအပ်သည့်အလျောက် နာယက/ဥက္ကဋ္ဌကြီးကိုယ်တိုင် လွှတ်တော်အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကို အစဉ်တစိုက်အားပေးလမ်းညွှန် ကြီးကြပ်ခဲ့ပါသည်။ JCC ကော်မတီ ဖွဲ့စည်းပြီး နောက်ပိုင်းတွင် နာယကကြီးကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်သည့် JCC ကော်မတီ အစည်းအဝေးများ ကျင်းပကြားနာလမ်းညွှန်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမျိုး ၂ ကြိမ်ကျင်းပခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်နှင့် JCC ကော်မတီဝင်များ၊ UNDP နှင့် အကူအညီ ပေးနေသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသား ကျွမ်းကျင်သူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ယင်းသို့ အနီးကပ်ကြီးကြပ်

လမ်းညွှန်မှုကြောင့် အလျှုရှင်အဖွဲ့အစည်းများက ပိုမိုစိတ်အားတက်ကြွစွာ ပါဝင်ဆွေးနွေးကြ၍ လုပ်ငန်းများ အောင်မြင်မှုကို များစွာအထောက်အကူပြုခဲ့ပါသည်။

၅၂။ လွှတ်တော်စာကြည့်တိုက်ကို အဆင်မြှင့်တင်နေချိန်တွင်လည်းကောင်း၊ သင်ကြားရေး ဌာန (Learning Centre) တည်ဆောက်ဖွင့်လှစ်ပြီးချိန်တွင် လည်းကောင်း၊ အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည် -

(က) Myanmar Scholarship Alumni Association = MSAA အထူး အင်္ဂလိပ်စာ သင်တန်း (၃)ကြိမ်၊ သင်တန်းသား (၇၉)ဦး၊

(ခ) CUSO International Organization ၏ အင်္ဂလိပ်စာသင်တန်း (၂) ကြိမ်၊ သင်တန်းသား (၇၈) ဦး

(ဂ) UNDP/IPU နှင့် Westminter Foundation (UK အောက်လွှတ်တော်) မှ ပူးပေါင်းစီစဉ်သော Committee Development သင်တန်း (၁)ကြိမ်၊ သင်တန်းသား (၅၀)ဦး

(ဃ) UNDP/ဩစတြေးလျနှင့် ဒိန်းမတ်လွှတ်တော်တို့မှ ပူးပေါင်းစီစဉ်သော Committee Development သင်တန်း(၁)ကြိမ်၊ သင်တန်းသား (၅၈) ဦး၊

(င) UNDP/ဩစတြေးလျနှင့် ဒိန်းမတ်လွှတ်တော်တို့မှ ပူးပေါင်းစီစဉ်သော လွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်၊ တက်ရောက်သူ (၁၇၃) ဦး

(စ) အထက်ပါအဖွဲ့မှ ပူးပေါင်းစီစဉ်သော ကော်မတီအရာရှိများ အတွက်သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၄၀) ဦး

(ဆ) ဂျာမနီနိုင်ငံ Elbarlament အဖွဲ့က စီစဉ်သော လွှတ်တော်နှင့် ပြည်သူ့ ဆက်ဆံရေး သတင်းအချက်အလက် အလုပ်ရုံဆွေးနွေးပွဲ (၄) ကြိမ်၊ တက်ရောက်သူ (၁၄၈)ဦး၊

(ဇ) IPU မှ စီစဉ်သော မှတ်တမ်းထိန်းသိမ်းခြင်း (Record Management) သင်တန်း (၁)ကြိမ်၊ သင်တန်းသား (၃၄)ဦး၊

မူကြမ်း

(စျ) UK အောက်လွှတ်တော် Westminster Foundation မှ စီစဉ်သည့် မူဝါဒဆိုင်ရာ လေ့လာသုံးသပ်မှု၊ သုတေသနပြုခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်၊ တက်ရောက်သူ (၂၄)ဦး

(ည) အီတလီနိုင်ငံ National School of Administration မှ ကူညီစီစဉ်သည့် အကြီးတန်း အရာရှိများအတွက် စွမ်းရည်မြှင့်တင်ရေးသင်တန်း (၁)ကြိမ်၊ သင်တန်းသား (၂၇) ဦး၊

(ဋ) IDEA နှင့် ကနေဒါနိုင်ငံ လွှတ်တော်က ပူပေါင်းစီစဉ်သော ငွေစာရင်း ပူးပေါင်း သင်တန်း (၃)ကြိမ်၊ သင်တန်းသား (၇၅) ဦး၊

(ဌ) UNDP မှစီစဉ်သော Rule of Law သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၃၀) ဦး

(ဍ) UNDP မှစီစဉ်သော ကွန်ပျူတာသင်တန်းများ (၂)ကြိမ်၊ သင်တန်းသား (၁၂၀) ဦး

(ဎ) လွှတ်တော်မှ ကြီးကြပ်စီစဉ်သည့် ရုံးလုပ်ငန်းရက်တိုသင်တန်းများ (၄) ကြိမ်၊ သင်တန်းသား (၁၉၇)ဦး၊

**မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၈)**

၅၃။ မြန်မာလွှတ်တော်များအတွက် ကူညီပံ့ပိုးပေးနေသည့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီ အစဉ် (UNDP) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)အဖွဲ့တို့သည် လွှတ်တော်များ အရည်အသွေး တိုးတက်မြှင့်မားရေးအစီအစဉ်များ စတင်သည့် ၂၀၁၂-၂၀၁၃ ခုနှစ် ကာလမှစ၍ လွှတ်တော်များ၏ လိုအပ်ချက်ကို သိရှိရန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်း စစ်တမ်းကောက်ယူခဲ့ပါသည်။ ကောက်ယူသည့် စစ်တမ်း(မူကြမ်း)ကို နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌထံပေးပို့ခဲ့ရာ၊ လက်တွေ့အခြေအနေနှင့် ကင်းကွာသော သုံးသပ်မှုများကို ဖြုတ်ပယ် စေခဲ့ပါသည်။ လိုအပ်ချက်အစစ်အမှန်များကို တာဝန်ယူဆောင်ရွက်နေသော လွှတ်တော်ကိုယ်စား လှယ်များဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးတီခွန်မြတ်၊ ဒေါက်တာစိုးရင်၊ ဦးမောင်တိုးတို့က စိစစ်ညှိနှိုင်းပြီး (UNDP) နှင့် (IPU) တို့ ဆွေးနွေးပြန်ကြားခဲ့ပါသည်။

၅၄။ ဆွေးနွေးပြန်ကြားချက်အပေါ်မူတည်၍ မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း(Myanmar Hluttaw Strategic Plan) ကို (UNDP) နှင့် (IPU) ကရေးဆွဲခဲ့ရာ၊ စီမံကိန်း ကာလမှာ ၂၀၁၅ မှ ၂၀၁၈ ခုနှစ် အထိ အတွက်ဖြစ်ပါသည်။ စီမံကိန်းကို မြန်မာလွှတ်တော် များ၏ အောင်မြင်မှု များအပေါ်

**မူကြမ်း**

အခြေခံရေးဆွဲထားကြောင်း၊ ၎င်းစီမံကိန်းတွင် လွှတ်တော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့်အဓိကစံနှုန်းများကို ဖော်ပြထားပြီး၊ ရရှိထားသော အောင်မြင်မှုများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်နှင့် နောင်လာမည့်လွှတ်တော်တွင် ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များ ဦးစားပေးလုပ်ငန်းများပါဝင်ကြောင်းသိရှိရပါသည်။

၃၅။ လွှတ်တော်၏ လိုအပ်ချက်များကို UNDP က စစ်တမ်းကောက်ယူလေ့လာ သကဲ့သို့ ကနေဒါအစိုးရ၊ (Parliamentary Centre) နှင့် နော်ဝေးနိုင်ငံအခြေစိုက် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးဌာန (IDEA)၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက် စစ်တမ်းကောက်ယူပြီးအစီရင်ခံစာ (Report on Need Assesment Survey Among Members of the Pyithu Hluttaw) ကို ပြုစုနေကြောင်း သိရှိရပါ သည်။

၃၆။ အလားတူပင် UK Aid နှင့် ဗြိတိသျှအောက်လွှတ်တော်မှ တွဲဖက်ပေးထားသည့် Mr. Oliver Bennelt ကလည်း၊ လာမည့်လွှတ်တော်များ အတွက်အကူအညီပေးနိုင်ရန်၊ ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ရှေ့ဆက်သွားမည့် သုတေသနလုပ်ငန်းများအတွက်လုပ်ငန်း၊ အဆိုပြုချက်ပေးပို့ထားကြောင်း တွေ့ရှိရပါသည်။

**သုံးသပ်တင်ပြချက်**

၃၇။ လွှတ်တော်များတွင် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ဆောင်ရွက်ရန် လွှတ်တော်ကော်မတီအသီးသီးကို ဖွဲ့စည်းထားရှိပါသည်။ အခေါ်အဝေါ်အားဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ နိုင်ငံခြားရေးရာကော်မတီစသည်ဖြင့် ကွဲလွဲမှုရှိပြီး အချို့လွှတ်တော်များတွင် အခြားဘာသာနှင့်တွဲဖက်၍ ဥပမာအားဖြင့် နိုင်ငံခြားရေးနှင့် လုံခြုံရေးကော်မတီဟူ၍ ပေါင်းစပ်တွဲဖက်ထားခြင်းလည်းရှိပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)တွင် ကော်မတီ(၄)ရပ်ကိုသာ အမြဲတမ်းကော်မတီ (Standing Committees)ဟု ဖော်ပြထားခြင်းမပြုလင့်ကစား၊ တစ်နှစ် တစ်ကြိမ်သက်တမ်း တိုးမြှင့်ရန် မလိုဘဲ ဖွဲ့စည်းထားပြီး၊ ကျန်ရှိသည့် ကော်မတီများမှာ အခါအားလျော်စွာ သက်တမ်းတိုးရန် ဖော်ပြထားပါသည်။ လုပ်ငန်းလိုအပ်ချက်အရ ကာလတစ်ခုအတွက် လိုအပ်ချိန်တွင်သာ ဖွဲ့စည်းပြီး၊ လုပ်ငန်းပြီးစီးချိန်တွင် ဆက်လက်တည်ရှိရန်မလိုသည့် အရေးပေါ် ကော်မတီ(Adhoc Committee) များအဖြစ် (သီးခြားဖော်ပြထားခြင်းမပြုလင့်ကစား)

သဘောထား ဖွဲ့စည်းခွင့်ပြုထားသည့် ကော်မတီများတွင် နိုင်ငံခြားဆက်ဆံရေးကိစ္စ ဆောင်ရွက်ရသည့် နိုင်ငံတကာဆက်ဆံရေး ကော်မတီလည်းပါဝင်ပါသည်။

၅၈။ ၁၉၄၇ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ရေးအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ပေါ်ပေါက်ချိန်တွင် အထက်အပိုဒ်ပါကော်မတီ(၄)ရပ်ကိုသာ ဖွဲ့စည်းထားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ရာတွင် ၁၉၇၄ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ၊ ပြည်သူ့လွှတ်တော်တွင်မူ နိုင်ငံခြားဆက်ဆံရေးကော်မတီအပါအဝင် လွှတ်တော်ကော်မတီ (၁၃) ခု ဖွဲ့စည်းပေးခဲ့ပြီး ကော်မတီများအားလုံးမှာ အဆင့်တူပြီး နှစ်စဉ် ထပ်မံသက်တမ်းတိုးရန်မလိုဟု မှတ်သားမိပါသည်။

၅၉။ ၁၉၄၇-၄၈ ခုနှစ်ကာလများတွင် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များမှာ ယခုကဲ့သို့ အဆက်အသွယ်များပြားရှုပ်ထွေးမှုမရှိပဲ၊ ၁၉၇၄ ခုနှစ်ခန့်တွင် နိုင်ငံတကာအဆက်အသွယ်များ၊ နိုင်ငံခြားရေးရာကိစ္စများ များပြားလာသဖြင့် နောက်ပိုင်းတွင် တိုးချဲ့ဖွဲ့စည်းခဲ့ကြသည်ဟု ယူဆရပါမည်။ မည်သို့ဖြစ်စေ ယနေ့ကာလတွင် နိုင်ငံတကာဆက်ဆံရေး များပြားလျင်မြန်လာပါသဖြင့် အထက်အပိုဒ်ပါ ကော်မတီ (၄)ရပ်ကဲ့သို့ သဘောထားဖွဲ့စည်းသင့်ပါသည်။ လက်ရှိအနေအထားအရ သတ်မှတ်ထားသည့် အင်္ဂါစဉ်တွင်မပါဝင်သဖြင့် ကော်မတီ၏အဆင့်မှာ နိမ့်ကျနေသကဲ့သို့ ဖြစ်နေပါသည်။

၆၀။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ကော်မတီ၏ ဝန်ထမ်းအင်အား၊ ကျွမ်းကျင်မှုအနေအထားအရ လိုအပ်ချက်များစွာ ရှိနေသေးသော်လည်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရုံးခန်းရှိ ရုံးလုပ်ငန်းအတွေ့အကြုံရှိ ကျွမ်းကျင်သူများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ရှိ နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံရှိသည့် အဖွဲ့ဝင်တို့၏ ကူညီပံ့ပိုးမှုကြောင့် အထိုက်အလျောက်အဆင်ပြေလျက်ရှိပါသည်။ လွှတ်တော်များရှိ နိုင်ငံတကာ ဆက်ဆံရေးတာဝန်ယူရသောဌာနများရှိ ဝန်ထမ်းများကလည်း ယခင် အတွေ့အကြုံမရှိသော်လည်း ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါသည်။ စိတ်ဝင်စားမှု ကြိုးစားမှု ရှိသော်လည်း အဓိကအားဖြင့် အင်္ဂလိပ်ဘာသာစကား၊ အပြောအဆို၊ အရေးအသားကို လေ့ကျင့်အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၆၁။ လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအတွက် သင်ကြားရေးဌာနတွင် တွဲဖက်တာဝန် ပေးထားသော နိုင်ငံခြားသား ကျွမ်းကျင်သူများမှာ စာကြည့်တိုက်အပါအဝင် မြန်မာဝန်ထမ်းများ

နှင့်အတူ မိသားစုသဖွယ် လက်တွဲစေတနာထား၍ ဆောင်ရွက်ပေးနေသဖြင့် လုပ်ငန်းများ ချောမွေ့အဆင်ပြေနေကြောင်း လေ့လာတွေ့ရှိရပါသည်။

၆၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်နှင့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလများတွင် လွှတ်တော်လုပ်ငန်းများ များပြားလာသဖြင့် လွှတ်တော်ကို အချိန်ပြည့်နီးပါး ကျင်းပလျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များအတွက် သင်တန်းများ ဖွင့်လှစ်နိုင်မှု အားနည်းခဲ့ပါသည်။ လွှတ်တော်ပြီးစီးချိန် ညနေ ၄ နာရီ နောက်ပိုင်းမှ သင်တန်းအတွက် အချိန်ရ၍ တက်ရောက်နိုင်သူအင်းအားနည်းပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၆၃။ အထူးသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် အလေးထားကြီးကြပ် လမ်းညွှန်မှုပေးလျက်ရှိသဖြင့် ယခုလက်ရှိအနေအထားသို့ရောက်ရှိပြီး တာဝန်များကို ကျေပွန်အဆင်ပြေစွာထမ်းဆောင်နိုင်လျက်ရှိပါသည်။ လွှတ်တော်သက်တမ်းရင့်လာပြီး ဝန်ထမ်းများ အရည်အသွေးမြင့်မားလာချိန်တွင် စိတ်ပါဝင်စားပြီး အတွေ့အကြုံရှိသော ကော်မတီဝင်များက ဦးဆောင်ပေးနိုင်ပါကလက်ရှိမဆောင်ရွက်သေးသော်လည်း နောင်တွင် တိုးချဲ့ဆောင်ရွက်လာမည့် ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီတစ်ရပ် ဖြစ်လာမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**နိဂုံး**

၆၄။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ကျယ်ပြန့်လှသော နိုင်ငံတကာဆက်ဆံရေးတာဝန်များကို ထမ်းဆောင်ရာတွင် ကော်မတီဝင်များ၏ စိတ်ပါဝင်စားမှု၊ အခြေခံအတွေ့အကြုံနည်းပါးသော်လည်း ကြိုးစား၍ မခိုမကပ်တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများ၏အားထုတ်မှုကြောင့် လုပ်ငန်းများလည်ပတ်နေပါသည်။ သို့သော် အားနည်းချက်များစွာ ရှိနေပါသေးသည်။ သင်တန်းများဖွင့်လှစ်တက်ရောက်စေသဖြင့် အရည်အသွေးများ တစ်စထက်တစ်စ တိုးတက်လာမည်ဖြစ်ပါသည်။ ကော်မတီနှင့် လွှတ်တော်များရှိ နိုင်ငံတကာဆက်ဆံရေးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများမှာလည်း များစွာအရေးကြီးပါသည်။ အစီရင်ခံစာပြုစုရာတွင် မှတ်တမ်းမှတ်ရာများကို ဌာနအလိုက်စုစည်းရယူပြီး ပြုစုသည်ဖြစ်၍ ချို့ယွင်းချက်အချို့ရှိနိုင်ပါသည်။ အစီရင်ခံစာပြုစုရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးသော ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးမှ ဝန်ထမ်းများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးစီမံဌာန၊ နိုင်ငံတကာဆက်ဆံရေးဌာနများမှ

ဝန်ထမ်းများနှင့် ကော်မတီရုံးဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအစီရင်ခံအပ်ပါသည်။

**နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၆-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၉-၁၂-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင် ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ ပြင်ဆင်လို တဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၁-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အပိုဒ် ၂ နဲ့ အပိုဒ် ၃ တို့အား အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်း မူလဥပဒေရဲ့အဆိုပြု ချက်အတိုင်း ပြဋ္ဌာန်းပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကို ရယူမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)၊ (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၉-၁၂-၂၀၁၅ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၁-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံသား

များရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက် မှာဖြစ်ပါတယ်။ ကျွန်တော်တို့ရှင်းတဲ့ကိစ္စ ဒီအစီအစဉ်ထဲမှာ မပါတော့ပါဘူးခင်ဗျား။ ကျွန်တော်တို့ အစီအစဉ်အတိုင်း ကျွန်တော်တို့ အတည်ပြုဖို့ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူရှိရင် မတ်တပ် ရပ်ပါ။ သဘောမတူသူတစ်ဦးတည်းဖြစ်တဲ့အတွက် ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါ တယ်။ သဘောမတူသူတစ်ဦးတည်းသာရှိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော နှစ်ရပ်စလုံးက သဘောတူခြင်း ဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်တဲ့ ၂၄-၁၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် (၅၈) ချက်ကို သဘောတူသင့်ကြောင်းနှင့် (၂၂) ချက်နဲ့စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်းကို တင်ပြလာပါတယ်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့ (၅၈) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့တဲ့ အချက်များအနက် (၅၈) ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူလက်ခံခဲ့ပါတယ်။ အဆိုမှာ အခန်း(၁) အပိုဒ်၂ အပိုဒ်ခွဲ(ဂ)၊ (ဃ)၊ (င)၊ (စ)၊(ဆ)၊(ဇ)၊ (ဈ) နှင့် (ဋ)တို့ဖြစ်ပါတယ်။ အခန်း(၂) အပိုဒ်၃ အပိုဒ်ခွဲ(င)၊ အခန်း(၄) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (ဃ)၊ (င) ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)၊ (ဇ)၊ အပိုဒ် (၆) အပိုဒ်ခွဲ(င)၊ (ဋ)တို့ဖြစ်ပါတယ်။ အခန်း (၅) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (ဃ) ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပိုဒ် ၈ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၈ အပိုဒ်ခွဲ(င)၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ အခန်း (၆) အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (င)၊ (ဆ)၊ အခန်း (၇) အပိုဒ် ၁၂ အပိုဒ်ခွဲ(က) ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)ကို

ပယ်ဖျက် ခြင်း။ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက် ခြင်း။ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)၊ (ဃ)။ အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (စ) အခန်း(၈)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၆ စာချိုးနှင့် အပိုဒ်ခွဲ(က) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အခန်း(၉)အား ပယ်ဖျက်ခြင်း။ အခန်း(၉) ခေါင်းစဉ် အပိုဒ် ၁၈ စာချိုး အပိုဒ် ၁၉၊ အခန်း(၁၀) ခေါင်းစဉ် အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)၊ အခန်း(၁၁) ခေါင်းစဉ် အပိုဒ် ၂၆၊ အပိုဒ် ၂၇ စာချိုးနှင့် အပိုဒ်ခွဲ(ဂ) အပိုဒ် ၃၀၊ အပိုဒ် ၃၂၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၃၆ ကို ပယ်ဖျက်ခြင်း။ အခန်း(၁၄)၊ အခန်း(၁၄)ခေါင်းစဉ် အပိုဒ် ၃၈၊ အပိုဒ် ၄၃ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၆၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က) တို့ဖြစ်ပါတယ်။ သို့ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် (၅၈) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် အချက် (၅၈) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူရှိရင် မတ်တပ်ရပ်ပါ။ သဘောမတူတဲ့သူတစ်ဦးတည်းသာရှိပါတယ်။ ဒါကြောင့်မို့လို့ သဘောမတူသူတစ်ဦးတည်းသာရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ အချက် (၅၈) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် (၂၂) ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောကွဲလွဲချက် (၂၂) ချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(စ)၊ အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ည)၊ အခန်း(၅) အပိုဒ် ၈ အပိုဒ်ခွဲ(ဆ) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)၊ (င)၊ အခန်း(၆) အပိုဒ် ၁၁ အပိုဒ်ခွဲ

(က)၊ (ဃ)၊ (စ)၊ အခန်း(၇) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)၊ (င)၊ (ဇ)၊ အခန်း(၈)၊ အခန်း(၈)ခေါင်းစဉ်၊ အခန်း (၁၀)၊ အပိုဒ် ၂၂ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၃ ကို ပယ်ဖျက်ခြင်း။ အခန်း (၁၁) အပိုဒ် ၂၄ စာချိုး၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က)၊ အခန်း (၁၂)၊ အခန်း(၁၂)ခေါင်းစဉ်၊ အခန်း(၁၃)၊ အပိုဒ် ၃၆၊ အပိုဒ်ခွဲ(က) အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၃၆ အပိုဒ်ခွဲ(ဂ)၊ (ဃ)တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲတဲ့အချက် (၂၂) ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် (၂၂) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် အချက် (၂၂) ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က ပြင်ဆင်ချက်အချက် (၅) ချက်အား တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဆွေးနွေးချက်ကို ယခု စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃၂ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ အပိုဒ် ၃၇ ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၉ ဖြစ်ပါတယ်။ အဆိုမှာ ပုဒ်မ ၃၉ အစား အပိုဒ် ၃၂ ကို ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေ ဆိုင်ရာအထောက်အကူ ပေးရေး အဆင့်ဆင့်အတွက် လိုအပ်သောဘဏ္ဍာငွေ အရ/အသုံးစာရင်းများကို ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်ပြရမည်ဆိုသော ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အပိုဒ် ၃၂ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဒီဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့က ဒီဥပဒေအရအဖွဲ့ဖွဲ့တယ်ဆိုလို့ရှိရင် ဥပဒေအရင်လာ ရမှာလား။ အဖွဲ့အရင်လာရမှာလား အရင်စဉ်းစားရမှာပါ။ Anti-corruption အဖွဲ့ဖွဲ့တောက Anti-corruption Law ကို လုပ်ပြီးကာမှ အဖွဲ့ဖွဲ့တာဖြစ်ပါတယ်။ ဒီဥပဒေကစကတည်းက ဥပဒေလည်း လုပ်တယ်။ နောက်ပြီးတော့ အဖွဲ့ပါတစ်ခါတည်းထည့်ဖွဲ့တယ်။ ထည့်ဖွဲ့တယ်ဆိုတဲ့အခါမှာလည်း ဥက္ကဋ္ဌဆိုတဲ့နေရာမှာ Blank ကြီးချန်ထားပါတယ်။ ဒါပေမယ့် အခုကျွန်မကတော့ ဒီဘတ်ဂျက်ကိစ္စ ပြောပါမယ်။ NGO အဖွဲ့လား။ ဒီဟာဘာအဖွဲ့လဲ။ ပြည်ပအဖွဲ့လား။ ပြည်တွင်းအဖွဲ့လား ဘာအဖွဲ့လဲ အဲဒါက ဘာမှ Defined လုပ်မထားပါဘူး။ အဲဒီတော့ အစိုးရအဖွဲ့အစည်းမဟုတ်ဘူးဆိုလို့ရှိရင် ပုဂ္ဂလိကအဖွဲ့အစည်းလား။ NGO လား။ INGO လား။ အဲဒါ ဆိုရင် နိုင်ငံတော်အစိုးရရဲ့ ဘတ်ဂျက်နဲ့ ခွဲဝေသုံးစွဲခွင့်မရှိပါဘူး။ အဲဒီတော့ ပြည်တွင်းပြည်ပရန်ပုံငွေတွေကို တတ်နိုင်သမျှထောက်ပံ့ကြေး ယူပြီးတော့ သူ့ရဲ့ဘတ်ဂျက် စည်းမျဉ်းစည်းကမ်းအတိုင်းလုပ်ရမှာပါ။ အစိုးရရဲ့ ဘတ်ဂျက်ငွေနဲ့ လုံးဝ သုံးလို့မရပါဘူး။ နောက်တစ်ခုက ဒီအထောက်အကူပြုဥပဒေကဆိုလို့ရှိရင် တရားသူကြီးက သူသတ်မှတ်ထားတဲ့ သူ့ရဲ့တရား သူစီရင်ထားတဲ့ဟာကို သူ့ဟာသူပြန်ပြီး တော့ အမိန့်ချတဲ့သဘော ဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေကို ဆက်လက်ပြဋ္ဌာန်းသင့်/မသင့် အားလုံး စဉ်းစားလို့ရပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားပြောပါ။

**ဦးသာအေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ကတော့ ကျွန်တော်တို့ ဒီ Legal Aid Law နဲ့ပတ်သက်ပြီးတော့ တရားလွှတ်တော်ချုပ်က ဆောင်ရွက်ပါလို့ ကျွန်တော်တို့ ဒီအစည်းအဝေးမှာဆုံးဖြတ်ချက်အရ ကျွန်တော်တို့က တာဝန်ယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ကတော့ ဘဏ္ဍာရေးစည်းမျဉ်းနဲ့ကိုက်တယ်၊ မကိုက်ဘူးဆိုတာ ကျွန်တော်တို့ ဆွေးနွေးနိုင်မှုမရှိပါဘူး။ လုပ်တာနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့က ဒီ Legal Aid လုပ်ငန်းလုပ်ပေးတာကိုကျတော့ ဒီရုံးပိုင်းဆိုင်ရာက ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်ခြင်းဟာ တရားစီရင်ရေးလုပ်ငန်းကို ထိခိုက်တယ်ဆိုတာတော့ မဟုတ်ပါကြောင်း တင်ပြလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားပြောပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ဥပဒေဆိုင်ရာအထောက်အကူပြုရေးဥပဒေ ပြဋ္ဌာန်းသင့်/မသင့်ဆိုတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့ UN Resolution တွေမှာလည်း ဒီရာဇဝတ်တရားစီရင်ရေးကိစ္စရပ်တွေမှာ ဥပဒေရေးရာ အကူအညီရရှိနိုင်ဖို့အတွက် အခွင့်အလမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ထားတာရှိပါတယ်။ ပြည်သူ့လွှတ်တော်ကပဲ ကိုယ်စားလှယ်အဖွဲ့နဲ့ ပြည်ထောင်စုရှေ့နေချုပ်တို့လည်း ၂၀၁၄ ခုနှစ် တောင်အာဖရိကမှာ သွားပြီးတော့ ဒီ Legal Aid အစည်းအဝေးတက်ရောက်ခဲ့တာရှိပါတယ်။ အဲဒီ အစည်းအဝေးမှာလည်း ဆုံးဖြတ်ချက်တွေချခဲ့ပြီးတော့ Declaration တွေလည်း ထုတ်ပြန်ခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းလုပ်ငန်းကတော့ ပြဋ္ဌာန်းသင့်တဲ့ဥပဒေတစ်ရပ်လို့ ကျွန်တော်အနေနဲ့ကတော့ မြင်ပါတယ်။ နောက်ခုနက ဒီဥပဒေမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးဒေါ်တင်နွယ်ဦးပြောတဲ့ ဥက္ကဋ္ဌတို့ အဖွဲ့ဝင်တို့ ထည့်ပြီးဖွဲ့စည်းထားတာကလည်း ဥပဒေအရကိုက ထည့်ပြီးတော့ဖွဲ့လို့ ဥပဒေရေးထုံးရေးနည်းအရတော့ ရေးလို့ရတယ်၊ ဖွဲ့လို့ရတယ်လို့ ကျွန်တော်မြင်ပါတယ်။ နောက်တစ်ခုကတော့ ခုနက ဘတ်ဂျက်ကိစ္စကတော့ ရေးထားတာကတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုတဲ့ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊ နောက်ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များရဲ့ လှူဒါန်းထောက်ပံ့ငွေများ၊ ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ ဒီသုံးရပ်နဲ့လည်းပတ်မယ်ဆိုပြီးတော့ ပြဋ္ဌာန်း ပြုစုထားတာရှိပါတယ်။ ဒီမှာကတော့ ကျွန်တော်တို့ မြင်တာကတော့ ဒီဥပဒေရဲ့ရည်ရွယ်ချက်

ကိုက ခုနက ပြည်ထောင်စုအဆင့်အဖွဲ့ကသည် အမှုအဆင့်အတန်းတွေကို ဘယ်ပြစ်မှုတွေကို ကူညီမယ်၊ အထောက်အကူပြုမယ်ဆိုတာကို သီးခြားဥပဒေပြဋ္ဌာန်းပြီးတော့မှ ပြန်ပြီးတော့ အဖွဲ့ကနေပြန်သတ်မှတ်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီသတ်မှတ်ပြီးတဲ့အခါမှာတော့ လည်ပတ်ဖို့ဆိုတာဟာ ဒီလှူဒါန်းထောက်ပံ့ငွေနဲ့တော့ ရပ်တည်ဖို့ရာ၊ အကောင်အထည်ဖော်ဖို့ရာက ခက်ခဲမယ်လို့ ကျွန်တော်ထင်ပါတယ်။ ခုနက ဘတ်ဂျက်ရန်ပုံငွေ၊ ထောက်ပံ့ငွေတစ်စိတ်တစ်ပိုင်း ကတော့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်။ ခုနက ဒီဘတ်ဂျက်တောင်းခံဖို့တို့၊ ဘတ်ဂျက် ချထားပေးဖို့တို့အပိုင်းကတော့ ကျွန်တော်တို့လည်း ကျွမ်းကျင်မှုမရှိပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ ဘတ်ဂျက်ကတော့ တစ်စိတ်တစ်ပိုင်းပါဝင်ဖို့လိုတယ်လို့မြင်ကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ထပ်မံရှင်းလင်းရန်ရှိက ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါ တယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များခင်ဗျား။ ပထမဆုံး ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို ကျွန်တော်တို့ ပြည်တွင်းပြည်ပနဲ့ UNDP က ပညာရှင်များနဲ့ ပူးပေါင်းပြီး ရေးဆွဲထားတဲ့ဥပဒေဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဒီလိုရေးဆွဲတဲ့နေရာမှာ United Nation, Princeple and Guideline on Access on Legal Aid in Criminal Justice Systems ဆိုတဲ့ စာအုပ်ကို အကိုးအကားပြုပြီး မိမိတို့နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရေးဆွဲထားခြင်းဖြစ် ကြောင်း တင်ပြလိုပါတယ်။

လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြထားတဲ့ ဇယားအမှတ်စဉ် ၁၉ နဲ့ပတ်သက်ပြီးမှ အမှတ်စဉ် ၂၀၊ ၂၁၊ ၂၂ နဲ့ ၂၇ ပါပြဋ္ဌာန်းချက်များဟာဆိုလို့ရှိရင် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ငွေရေးကြေးရေးကိစ္စများ၊ ဝန်ထမ်းခန့်ထားရေးကိစ္စများနှင့် သက်ဆိုင်တဲ့ကိစ္စရပ်များဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကိုယ်စား အားလုံးကို လွှမ်းခြုံနိုင်အောင် ကျွန်တော့်ကို ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ အစောတုန်းက လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဟာဆိုလို့ရှိရင် ဥပဒေကြမ်းပါအချက်အလက်တွေကို လေ့လာခြင်းမပြုဘဲနဲ့ ဒါဟာ NGO လား၊ ဘာလဲဆိုတာတောင် မခွဲခြားဘဲနဲ့ ဒီဘဏ္ဍာရန်ပုံငွေကို သုံးစွဲခွင့်မရှိဘူးလို့ ယတိပြတ်ပြောခြင်းဟာ လုံးဝမှားယွင်းပါတယ်။ တရားစီရင်ရေးဆိုင်ရာ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းမှာ ထည့်သွင်းရေးဆွဲနိုင်ဖို့ဟာ ဥပဒေပါအချက်အလက်များ ဘယ်လိုပြဋ္ဌာန်းလဲဆိုတာလည်း သိရှိဖို့

အင်မတန်မှ လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဖွဲ့စည်းပေးရမယ်လို့ ပြဋ္ဌာန်းထားသလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကိုလည်းပဲ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးဖွဲ့စည်းပေးရမယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဒါ့အပြင် အခုဆွေးနွေးနေတဲ့ဥပဒေကြမ်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေနဲ့ပတ်သက်တဲ့နည်းဥပဒေ၊ စည်းမျဉ်းနဲ့စည်းကမ်းများကိုပါ ထုတ်ပြန်ခွင့်အပ်နှင်းထားတာကို တွေ့ရှိရပါတယ်။ ဒီလိုမိမိတို့အနေနဲ့ ကောက်နုတ်ပြီးတင်ပြနေခြင်းဟာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟာတရားစီရင်ရေးကို အထောက်အကူပြုနေတဲ့၊ တရားစီရင်ရေးကဏ္ဍနဲ့သက်ဆိုင်တဲ့လုပ်ငန်းဖြစ်တယ်ဆိုတာကို ထင်ရှားစေဖို့ တင်ပြနေခြင်းလည်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၇ မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရဲ့ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုအစိုးရထံတင်ပြရမည်လို့ အတိအလင်းပြဋ္ဌာန်းထားရှိပါတယ်။

ဒါကြောင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဟာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သော ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြရမည်လို့ ပြဋ္ဌာန်းထားခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နဲ့ ညီညွတ်ကြောင်းတင်ပြလိုပါတယ်။ ဒါ့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)မှာဆိုလို့ရှိရင်လည်း ဘဏ္ဍာရေးကော်မရှင်က ဒီခိုင်မာသော ဘဏ္ဍာရေးစနစ်ပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်တဲ့ကိစ္စရပ်များကို ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတာကိုလည်း သတိချပ်ဖို့ လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဇယားအမှတ်စဉ် ၁၉၊ ၂၀၊ ၂၁၊ ၂၂ နှင့် ၂၇ တို့ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ အတည်ပြုပေးရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်(၃၂)နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်မဲများမယ်ဆိုရင် ဒေါ်တင်နွယ်ဦးရဲ့ပြင်ဆင်ချက်က

အတည်ဖြစ်ပါမယ်။ ဒါကြောင့် ကိုယ်စားလှယ်များ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၇ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃ မဲ၊ ကြားနေဆန္ဒမဲ ၆ မဲ စုစုပေါင်း ၂၉၆ မဲ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများတာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃၂ သည် ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အပိုဒ် ၃၃ နဲ့ စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆၊ အမှတ်စဉ် ၂၀၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က) ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကို လည်းကောင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် ပြည်တွင်းမှ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကိုလည်းကောင်း စိစစ် လက်ခံနိုင်သည်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၇ အပိုဒ်ခွဲ(ခ) လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်း များအား အဆင့်ဆင့်တင်ပြပြီး အဖွဲ့ပိုင်စာရင်း၌ လုပ်ထုံးလုပ်နည်းနဲ့အညီ ထည့်သွင်းဖော်ပြရမည် ဟူသော ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို လွှတ်တော်ကဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၃၃ နဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၇ ပုဒ်မ ၃၄ ပုဒ်မခွဲ (ဂ) ရန်ပုံငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်ဆိုတော့ အခုနက ကျွန်မပြောတဲ့ ပထမညွှန်းတဲ့အတိုင်း အစိုးရဘတ်ဂျက်ကို သုံးစရာမလိုဘူး။ မလိုတဲ့အတွက်ကြောင့် အစိုးရရဲ့စာရင်းစစ်ချုပ်ရုံးကလည်း စာရင်းတွေကို စစ်ဆေးစရာမလိုပါဘူး။ ဒါကြောင့် ပယ်ဖျက်ပါမယ်။ ကျွန်မတစ်ယောက်တည်း ကန့်ကွက်တယ်ဆိုတာလည်း သေချာ မှတ်တမ်းတင်ပေးပါ။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ကျွန်တော် မှတ်တမ်းတင်ထားပါတယ်။ ဒေါ်တင်နွယ်ဦး ကန့်ကွက်တယ်ဆိုတာ။ ဒါပေမယ့် ကျွန်တော်အခု တစ်ခုပြောချင်တာက အခုနက ဒေါ်တင်နွယ်ဦး ဆွေးနွေးသွားတဲ့ အပိုဒ်ခွဲ(ဂ)ဟာ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကြီးဖြစ်ပါတယ်။ ကျွန်တော်တို့က ပြည်သူ့ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဆောင်ရွက်ဖို့အတွက်ပြောတဲ့အထဲမှာ အခုနက ဒေါ်တင်နွယ်ဦးဆွေးနွေးတဲ့ အပိုဒ်ခွဲ(ဂ) မပါဘူးခင်ဗျ။ ဒါလေးသိစေချင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားလေး ပြောပေးပါ။

**ဗိုလ်ချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထား ပြောပါ။

**ဦးသာအေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားပြောပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီကို ထပ်ပြီးမေးပါဦးမယ်။ အခုနက ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ ဒီ အပိုဒ် ၃၃ မှာ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုပေးဖို့ပြောတဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုပေးဖို့ပြောတာ အပိုဒ်ခွဲ(က)နဲ့ အပိုဒ်ခွဲ(ခ)။ အပိုဒ်ခွဲ(ဂ)မပါဘူး။

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောပေါက်ပါပြီ။ ဒေါ်တင်နွယ်ဦးပြောသွားတာက အပိုဒ် ၃၃ အပိုဒ်ခွဲ(က)။ အခုနက ဥပဒေကြမ်းကော်မတီကတင်သွင်းသွားတာ အပိုဒ် ၃၃ တစ်ခုလုံးကိုလား။ အပိုဒ်ခွဲ(က) အတွက်လား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ် ၃၃ အပိုဒ်ခွဲ(က)ရော၊ အပိုဒ်ခွဲ(ခ)ရော ဖြစ်ပါတယ် ခင်ဗျာ။ အပိုဒ်ခွဲ(က)က ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ ဖြစ်ပါတယ်။ အပိုဒ်ခွဲ(ခ)က ကန့်လန့်ဇယား စာမျက်နှာ ၇ မှာဖြစ်ပါတယ်။ အမှတ်စဉ် ၂၀ တစ်ဆက်တည်းဖြစ်ပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ ရပါပြီ။ ဒါဆိုရင် အခုနကအတိုင်းပဲ ကျွန်တော်တို့ ဆန္ဒမဲနဲ့ပဲ ဆက်လက်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အပိုဒ် ၃၃နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုပြီးတော့ မဲခွဲဆန္ဒမဲခံယူ ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများမယ်ဆိုလို့ရှိရင် ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်မဲ များမယ်ဆိုရင် ဒေါ်တင်နွယ်ဦးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဒါကြောင့် ဆန္ဒမဲပေးဖို့ အသင့် ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးပြီးပြီ ဖြစ်တဲ့အတွက် ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၀ မဲဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲ ၁၂ မဲနဲ့ ကြားနေဆန္ဒမဲ ၇ မဲ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲများတဲ့အတွက် အပိုဒ် ၃၃ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အပိုဒ် ၃၄ နဲ့ စပ်လျဉ်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၇ အမှတ်စဉ် ၂၁ အပိုဒ် ၃၄ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် အပိုဒ်ခွဲ(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ် တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန်ဆောင်ရွက်ရမည်။ အပိုဒ်ခွဲ(ခ) ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၈ ဖြစ်ပါတယ်။ အပိုဒ်ခွဲ(ခ) သက်ဆိုင်ရာ စာရင်းရုံး၏ သတ်မှတ်ချက် များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်ဟူသော ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို လွှတ်တော်မှ ဆက်လက်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၃၄ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ ပုဒ်မ ၃၄ အပိုဒ်ခွဲ(ခ)အရ ခွဲဝေ ပေးသော ဘဏ္ဍာငွေသုံးစွဲရာတွင်ဆိုတဲ့အတွက်ကြောင့်မို့လို့ ခွဲဝေပေးတဲ့ ဘဏ္ဍာငွေကို ကျွန်မက

ကန့်ကွက်ထားပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်ကိုပယ်ဖျက်ရန် ဒုတိယအကြိမ် ပြင်းထန်စွာ ကန့်ကွက်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ရုံးရဲ့အတည်ပြုချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးသာအေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ သဘောထားပြောပေးပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကို ကန့်ကွက်ရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၄ နှင့် စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်တင်နွယ်ဦး၏ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဒါကြောင့် ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ။** ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၅၆ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၂ မဲနှင့် ကြားနေဆန္ဒမဲ ၈ မဲဖြစ်ပါတယ်။ စုစုပေါင်း ၂၇၆ မဲ၊ ထောက်ခံဆန္ဒမဲ ၂၅၆ မဲ ဒါကြောင့် ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃၅ နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၈ အမှတ်စဉ် ၂၂ ဥပဒေကြမ်း၏ အပိုဒ် ၃၅ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့

အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံဝန်ထမ်းမဟုတ်သော အဖွဲ့အစည်းများ ဥပဒေဆိုင်ရာ အထောက် အကူပေးသူတို့အတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စု ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သဘော တူညီ ချက်ဖြင့် သတ်မှတ်ပေးရမည်ဟူသော ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ဆက်လက် အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၃၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ နည်းနည်းရှင်းလင်းခွင့်ပြုပါ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ခုနက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌကြီးပြောသွားသလိုပါပဲ။ ဒေါ်တင်နွယ်ဦးသည် ဥပဒေနားမလည်ဘူးဆိုတော့ ဥပဒေရဲ့ Supremacy of Law ဥပဒေဆိုတာ Rule of Law ဆိုတာဘာလဲဆိုတာ ကျွန်မရှင်းပြပါမယ်။ တရားဥပဒေရဲ့ ဩဇာလွှမ်းမိုးကြီးစိုးမှုကို ခေါ်ပါတယ်။ Supremacy Law ဆိုတာ တရားဥပဒေပြဋ္ဌာန်းချက်ကို အပြည့်အဝလက်ခံပြီးတော့ အုပ်ချုပ်သူအစိုးရများက၊ တိုင်းသူပြည်သားများက တရားဥပဒေကို ကျော်လွန်ပြီးဖြန်ဖြေပေးခွင့် မရှိပါဘူး။ အဲဒီတော့ သာမန်အားဖြင့် တရားရုံးတော်မှာ ပြဋ္ဌာန်းထားတဲ့ တရားဥပဒေကို လိုက်နာကျင့်သုံးနေတာ အညီအမျှဘက်မလိုက်ဘဲ ခံစားခွင့်ရရှိစေရမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ အခွင့်အရေးတွေနဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်တွေကို ပြည်သူတစ်ရပ်လုံးက တန်းတူကာကွယ်မှုရစေခြင်း၊ စနစ်တကျတိုးတက်ခံစားခွင့်ရစေခြင်းစတဲ့ လက္ခဏာတွေနဲ့ ပြည့်စုံရမှာဖြစ်ပါတယ်။ အဲဒီတော့ ခုနက ပြောတဲ့အတိုင်းဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများဆိုတဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းပြုသည်ဆိုတာ ပါပါတယ်။ အဲဒီတော့ တရားစီရင်ရေးနှင့်အုပ်ချုပ်ရေးဟာ ကိုယ့်လုပ်ငန်းကို လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ရှိပြီးတော့ အပြန်အလှန်ထိန်းညှိရန် တည်ဆောက်ထားတာဖြစ်ပါတယ်။ အခု ရှေ့နေချုပ်က အစိုးရအဖွဲ့ဝင်ဖြစ်ပြီးတော့ ရှေ့နေချုပ်ရုံးအသီးသီးက အစိုးရရဲ့ဥပဒေများဖြစ်ပါတယ်။ တကယ့်တကယ်ကျတော့ နိုင်ငံတော်ရှေ့နေချုပ်ရုံးလို့ မခေါ်ဘဲနဲ့ ပြည်ထောင်စုရှေ့နေချုပ်လို့ ခေါ်ရမှာ။ အဲဒီတော့ နိုင်ငံတော်ရှေ့နေချုပ်ဖြစ်သည့်အတွက် သူက ဒီတရားခံတွေဘက်ကနေပြီးတော့ ဘက်လိုက်

မူကြမ်း

ဆောင်ရွက်လို့မရဘဲနဲ့ ပြည်ထောင်စုရှေ့နေချုပ်မဟုတ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ရှေ့နေချုပ်ရုံးဆိုတဲ့ နာမည်ကြီးပါပြင်ရမလိုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် တရားရုံးက စစ်ဆေးကြားနာပြီး စီရင်ဆုံးဖြတ်ရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ တရားရုံးက တရားစွဲဆိုခြင်းကဏ္ဍမှာ ပါဝင်ပတ်သက်တဲ့ ဘယ်သူကိုမဆိုပတ်သက်မယ်ဆိုရင် မိမိတရားမိမိစီရင်ရာ ရောက်ပါလိမ့်မယ်။ အဲဒီတော့ တရားလို၊ တရားခံနှစ်ဖက်စလုံးက ပြည်သူတွေဖြစ်တဲ့အတွက်ကြောင့် တရားရုံးက မိမိရုံးရှေ့ကိုရောက်လာမယ့် အမှုအခင်းအတွက် ကြိုတင်ပြီး ပတ်သက်ခြင်းမရှိရန် လိုအပ်ပါတယ်။

နောက်တစ်ခါ တရားစရိတ်နှင့်ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင်လည်း တရားမကျင့်ထုံးဥပဒေမှာပါတဲ့ ချွင်းချက် အဲဒါကို ဘာကြောင့် မကျင့်သုံးတာလဲ။ နောက်တစ်ခုက dock brief လို့ခေါ်တဲ့ ဒီကြက်ခြံ၊ ဝက်ခြံလေးထဲမှာနေတဲ့အတွက် အသုံးစရိတ်တွေ တရားရုံးက ပေးပြီးသားဖြစ်ပါတယ်။ အဲဒီ expenses တွေရော ဘယ်လိုထည့်တွက်မလဲ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့အချက်နှင့်ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သီးခြားတင်ပြရန်မရှိပါဘူးခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ကျေးဇူးတင်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့သဘောထားကို ပြောပါ။

**ဦးသာအေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ အပိုဒ် ၃၅ နှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရဲ့ ခြားနားချက်ကတော့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်မှာ အကြံပေးပုဂ္ဂိုလ်များအား ထားရှိတာနှင့် မထားရှိတဲ့ အပိုင်း ကွဲလွဲချက်ပဲဖြစ်တာတွေ့ရပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်မှာ ဖွဲ့စည်းထားတာ ပြည်ထောင်စုအဆင့်မှာဆိုရင် ဥက္ကဋ္ဌလုပ်တဲ့ပုဂ္ဂိုလ်က ဥပဒေအရ ထင်ပေါ်ကျော်ကြားတဲ့ပုဂ္ဂိုလ်က ဥက္ကဋ္ဌလုပ်ပြီးတော့ အတွင်းရေးမှူးက အနည်းဆုံး လုပ်သက် တရားရုံးချုပ်ရှေ့နေ ၁၅ နှစ် ရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်ပြီးတော့ အဖွဲ့ဝင်တွေက ရှေ့နေချုပ်ရုံးကလည်း ညွှန်ကြားရေးမှူးအောက် အဆင့်မနိမ့်တဲ့ ပုဂ္ဂိုလ်တွေပါရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနေနဲ့လည်း ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်တဲ့ ပုဂ္ဂိုလ်ပါမှာဖြစ်တဲ့အတွက် ဒီအဖွဲ့ထဲမှာ

ကြည့်မယ်ဆိုရင် ဥပဒေပညာနှင့်ပတ်သက်ပြီးတော့ တတ်သိနားလည်တဲ့ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေ အများကြီးပါတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီလိုဖြစ်ပြီးတော့ အဖွဲ့အစည်းက အလုပ်လုပ်တဲ့နေရာမှာ ဒီအဖွဲ့အစည်းအတွက်ကို Policy ချပေးတဲ့ ကျွန်တော်တို့အပေါ် Civil Body ပိုင်းဆိုင်ရာရှိပါမယ်။ နောက် တကယ်တမ်းအလုပ်လုပ်ရမယ့် ကျွန်တော် Operate လုပ်ရမယ့်အဖွဲ့ရှိပါတယ်။ အဲဒါကြောင့် ဒီလိုအကြံပေးပုဂ္ဂိုလ်တွေလိုသလား၊ မလိုသလားဆိုတာ ကျွန်တော်တို့ ကြည့်တဲ့အခါကျတော့ ခုနက ကျွန်တော်တင်ပြတဲ့အချက်အရပြောလို့ရှိရင်လည်း ဒီအဖွဲ့တွေဟာ ဥပဒေပညာနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေ အများအပြားဖွဲ့စည်းထားတာဖြစ်တဲ့အတွက်ကြောင့် အကြံပေးပုဂ္ဂိုလ်တွေ မလိုတဲ့အပိုင်းတွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီအဖွဲ့အစည်းမှာ တကယ်တမ်းအရ Policy အရလုပ်ရမယ့်ဟာထက် တကယ် Operate လုပ်ရမယ့် အပိုင်းမှာ ထိရောက်ဖို့လိုတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကုန်ကျစရိတ်သက်သာစေဖို့အတွက် စဉ်းစားမယ်ဆိုလို့ရှိရင်တော့ အကြံပေးပုဂ္ဂိုလ်ထားရှိခြင်းဟာ မလိုအပ်တဲ့အတွက်ကြောင့်မို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံပါတယ်လို့ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦး ပြောကြားသွားတဲ့ ဒီရှေ့နေချုပ်ဟာအစိုးရအဖွဲ့ ကိုယ်စား ဆောင်ရွက်နေတဲ့ သဘောမျိုးပေါ့လေ။ ကျွန်တော်တို့က ပြည်ထောင်စုရှေ့နေချုပ်ရုံး အပါအဝင် ဥပဒေရုံးအဆင့်ဆင့်ဟာ အစိုးရအဖွဲ့ကိုယ်စားသက်သက်ဆောင်ရွက်နေတာမဟုတ်ပါဘူး။ အစိုးရ အဖွဲ့ကိုယ်စား ဆောင်ရွက်ခြင်း သက်သက်မဟုတ်ဘဲနဲ့ နိုင်ငံသားတွေရဲ့ကိုယ်စား၊ ပြည်သူပြည်သား တွေရဲ့ ကိုယ်စား ဆောင်ရွက်နေတဲ့ရုံးဖြစ်ပါတယ်။ ဒါဟာလည်း ပြည်ထောင်စုရှေ့နေချုပ် ဥပဒေမှာ လည်း ဒီပုဒ်မ ၁၂ ပုဒ်မခွဲ(ဃ)၊ (ဆ)၊ (ဇ)၊ (ဈ) ပုဒ်မ ၃၆ စတဲ့ ဒီဥပဒေမှာလည်း ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။ အဲဒီဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသား၊ ပြည်သူပြည်သား တွေဘက်က ကျွန်တော်တို့က တရားလိုဘက်ကနေပြီးတော့ ဒီရုံးဟာ ဥပဒေအထောက်အကူပြုပြီးတော့ ဆောင်ရွက်ပေးတဲ့ရုံးဖြစ်ကြောင်း ဒါလေး ကျွန်တော်တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ ခုနက dock brief တွေနဲ့ပတ်သက်ပြီးတော့လည်း လက်ရှိ အစဉ်အဆက်ပေါ့နော်။ ကျွန်တော်တို့ ၁၉၄၈ ခုနှစ်နောက်ပိုင်းကတည်းကစပြီးတော့ ဒီသေဒဏ်

ထိုက်သင့်တဲ့ ပြစ်မှုဆိုင်ရာအမှုတွေကို ကျူးလွန်ကြောင်း စွပ်စွဲခံရတဲ့ ဒီဆင်းရဲနွမ်းပါးတဲ့တရားခံတွေအတွက် ကျွန်တော်တို့ရုံးက တာဝန်ယူပြီးတော့ အစဉ်အဆက် ပြင်ပရှေ့နေတွေငှားရမ်းပြီးတော့ ဆောင်ရွက်ပေး နေတာရှိပါတယ်။ အခု ကျွန်တော်တို့ ဒီဥပဒေပြဋ္ဌာန်းဖို့ ဆွေးနွေးကျတဲ့အချိန်မှာလည်း ဒါလေး ကျွန်တော်တို့က တင်ပြခဲ့တာရှိပါတယ်။ ကျွန်တော်တို့က လက်ရှိ dock brief နဲ့ပတ်သက်ပြီး ကျွန်တော်တို့ရုံးက တာဝန်ယူပြီး လုပ်နေတယ်။ သို့သော် ဒီဥပဒေပေါ်လာပြီးတဲ့နောက်ပိုင်းမှာ ဒီ dock brief တွေကိုလည်း ဒီဥပဒေကပဲ တာဝန်ယူပြီးတော့ ဆက်လက်အကောင်အထည်ဖော်သွားမယ် ဆိုရင်လည်း ကျွန်တော်တို့ လက်ရှိ ကျွန်တော်တို့ဥပဒေမှာပါနေတဲ့ ဒီ dock brief ကို ကျွန်တော်တို့ ပြန်ဖြုတ်ပေးမယ်။ ပြန်ပြီးတော့ နုတ်သိမ်းပေးမယ်။ တကယ်လို့ ကျွန်တော်တို့ကပဲ ဆက်ပြီးတာဝန်ယူပါ ဆိုလို့ရှိရင်လည်း ဒီ dock brief မပါဘဲနဲ့ ကျန်တဲ့အပိုင်းတွေကို Legal Aid ဥပဒေက ဆက်လက်ပြီး အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဒီအပိုင်းကိုတော့ ကျွန်တော်တို့က ခုနက ပြည်ထောင်စု ဥပဒေအထောက်အကူပြုအဖွဲ့ကနေပြီးတော့ ဒီဥပဒေပြဋ္ဌာန်းပြီးတဲ့အခါမှာ ခုနကပြောတဲ့ ဘယ်လို ပြစ်မှုအမျိုးအစားတွေကို ဥပဒေအထောက်အကူပြုမယ်ဆိုတဲ့အတိုင်းအတာကို ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေ၊ ကျခံသုံးစွဲနိုင်မှုတွေ၊ ထောက်ပံ့လာနိုင်မယ့်၊ ရရှိလာနိုင်မယ့် အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့က သုံးသပ်ဆုံးဖြတ်ပြီးတော့မှ ဒါတွေကို စဉ်းစားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ တစ်ဆက်တည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးကို မေးလိုတာလေးတစ်ခု ရှိပါတယ်။ ခုနက ကိုယ်စားလှယ်ကြီးဆွေးနွေးသွားတဲ့အထဲမှာ နိုင်ငံတော်ရှေ့နေချုပ်နှင့် ပြည်ထောင်စု ရှေ့နေချုပ်လို့ သုံးစွဲသွားတာတွေ့ပါတယ်။ အဲဒါနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းအောင်ပြောနိုင်ရင် ပြောကြားပေးပါခင်ဗျား။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ပြည်ထောင်စု ရှေ့နေချုပ်ဖြစ်ပါတယ်။ ကျွန်တော်တို့က ဥပဒေအရလည်း ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ် တာဝန်၊ လုပ်ပိုင်ခွင့်တွေ သတ်မှတ်ထားတာရှိပါတယ်။ ဒီတာဝန်၊ လုပ်ပိုင်ခွင့် တွေအရ ပြည်ထောင်စုရှေ့နေချုပ်အနေနဲ့ပဲ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးသွားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၅ နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုပြီး မဲခွဲဆုံးဖြတ်မှာပဲဖြစ်ပါတယ်။ ဒါကြောင့်

ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများမယ်ဆိုရင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်မဲများမယ်ဆိုရင် ဒေါ်တင်နွယ်ဦးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်များ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးပြီး ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၆၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃ မဲနှင့် ကြားနေဆန္ဒမဲ ၆ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲများတဲ့အတွက်ကြောင့် အပိုဒ် ၃၅ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃၉ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၉ အမှတ်စဉ် ၂၇ ဥပဒေကြမ်း၏ အပိုဒ် ၃၉ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်ဟူသော အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၉ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဒဂုံမြို့သစ်(မြောက်ပိုင်းမဲဆန္ဒနယ်)မှ ဒေါ်တင်နွယ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်ဆိုကတည်းကိုက ဒီဝန်ထမ်းဖွဲ့စည်းပုံဆိုတာက အစိုးရဝန်ထမ်းကိုပြောတာပါ။ Sanction တောင်းရတာပါ။ ဖွဲ့စည်းပုံပြီးကာမှ ဝန်ထမ်းအင်အားစာရင်းဆိုတာ တွက်ရတာပါ။ ဝန်ထမ်းအင်အားစာရင်းတွက်ပြီးမှ ဘတ်ဂျက်ဆိုတာပေါ်ပေါက်လာတာပါ။ အဲဒီတော့ ဘတ်ဂျက်ဆိုတာကိုက ဝန်ထမ်းအင်အားစာရင်းကို ပြီးခဲ့တဲ့အပိုဒ်မှာတုန်းက ပြောထားတာရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းမဟုတ်

သောအဖွဲ့ဝင်များဆိုပြီးတော့ ထည့်ထားတာရှိပါတယ်။ အကြံပေးပုဂ္ဂိုလ်ကို မဆိုလိုပါဘူး။ အဲဒီတော့ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့အဖွဲ့ဝင်တွေကို အစိုးရဘတ်ဂျက်ငွေနဲ့ ပိုက်ဆံပေးလို့ရပါသလား။ မရဘူးလား။ အဲဒီတော့ ဖွဲ့စည်းပုံစတင်ကတည်းက ဝန်ထမ်းမဟုတ်တဲ့လူတွေအတွက် ဖွဲ့စည်းပုံတင်စရာလည်း မလိုပါဘူး။ ဝန်ထမ်းအင်အားစာရင်းပြုစရာလည်း မလိုပါဘူး။ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့လူတွေအတွက် ပိုက်ဆံပေးစရာမလိုသလို ခန့်အပ်စရာလည်းမလိုပါဘူးလို့ ပြောကြားအပ်ပါတယ်။ ကန့်ကွက်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သီးခြားတင်ပြရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးသာအေး(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဒီဥပဒေဆိုင်ရာ အထောက်အကူပေးဥပဒေ ပေါ်ပေါက်လာမယ်ဆိုရင် လိုအပ်တဲ့ဝန်ထမ်းတွေကတော့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီကတင်ပြတဲ့အတိုင်း ကျွန်တော်တို့ဆီက ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲပြီးတင်ပြရမယ်ဆိုတဲ့ဟာကို ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးသွားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၉ နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်မဲများမယ်ဆိုရင် ဒေါ်တင်နွယ်ဦးရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဒါကြောင့် ကိုယ်စားလှယ်များ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးပြီးလို့ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၆၅ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၈ မဲနှင့် ကြားနေဆန္ဒမဲ ၃ မဲ ဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲများတဲ့အတွက်ကြောင့် အပိုဒ် ၃၉ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၂၆ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ (က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အချက် ၂၆ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ကျွန်တော် ဦးစတီဖန်က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦး ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းနှင့်ပတ်သက်ပြီး လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုအပေါ် ပြည်ထောင်စု

လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သင့်ကြောင်း ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်၏အဆိုအား မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခင်မောင်ညို က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတင်ပြခဲ့တဲ့ အချက် ၂၆ ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဆိုင်ရာအထောက်အကူပေး ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက် အချက် ၂၆ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ (က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက် သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၉)ရက် မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက် မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၅။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၄း၄၅ နာရီ အချိန်တွင်ရပ်နားပါသည်။]